အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၃၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၄၁)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

ရန်ကုန် မေ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီ၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၉ ရက်က ဆင်မြီးဆွဲမြို့အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး ငွေကြေးများစွာ သုံးစွဲလျက်ရှိ ဌာနဆိုင်ရာအဆင့်ဆင့်က မိမိတို့ဒေသတိုးတက်သည်ထက်တိုးတက်အောင် စေတနာထားကြိုးပမ်း ကျေးလက်ဒေသများစီးပွားရေးဖွံ့ဖြိုးတိုးတက်မှ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်လာမည် ကျေးလက်နေပြည်သူများ လူနေမှုဘဝမြင့်မားရေး မပြတ်လှုံ့ဆော်ပြီး ဖိဖိစီးစီးဆောင်ရွက်

ရန်ကုန် မေ ၃၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ် (ရေ)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့်ထွက်ခွာကြရာ နံနက် ၉ နာရီတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ☆

နိုင်ငံရေးဦးတည်ချက် (၄) ရပ်	စီးပွားရေးဦးတည်ချက် (၄) ရပ်	လူမှုရေးဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အမျိုးသားညီလာခံအစုအဖွဲ့ စာတမ်းများညှိနှိုင်းပြုစု ညီလာခံကိုယ်စားလှယ်များ ကိုယ်ကာယလေ့ကျင့်မှုများပြုလုပ်

ရန်ကုန် မေ ၃၀

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့်အသေးစိတ်၊ အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီကကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် အကြံပြုစာတမ်းများတင်သွင်းနိုင်ရေးအတွက် သတ်မှတ်နေရာများ၌ ပြည်နယ်နှင့်တိုင်းအလိုက် ညီလာခံကိုယ်စားလှယ်များက စာတမ်းများဆွေးနွေးညှိနှိုင်း ပြုစုဖတ်ကြားကြသည်။

စာမျက်နှာ ၃ ကော်လံ ၃ ✳

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မေလ ၃၁ ရက်)

ဆေးလိပ်သောက်မှုနှင့်ကွမ်းစားမှု လျော့နည်းကျဆင်းရေး ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေး

၂၀၀၄ ခုနှစ် မေလ ၃၁ ရက် (ယနေ့)သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် စီးကရက်နှင့် ဆေးလိပ်အမျိုးမျိုးသောက်ခြင်း၊ ကွမ်းယာထဲတွင် ဆေးထည့်စားခြင်း၊ ဆေးရွက်ကြီးငုံခြင်း စသည်တို့ကြောင့် ကင်ဆာ၊ နှလုံးရောဂါနှင့် အခြားရောဂါအမျိုးမျိုးဖြစ်ပွားပြီး စောစီးစွာ သေဆုံးလျက်ရှိကြသည့်အန္တရာယ်ကို လူအများ ပိုမိုသိမြင်သဘောပေါက်လာစေရန်အတွက် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို တစ်ကမ္ဘာလုံးတွင် ကျင်းပစေလျက်ရှိသည်။

ယခုနှစ်အတွက် ရွေးချယ်ထားသော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်မှာ **ဆေးလိပ်ဆေးရွက်ရောင်ကြဉ်မှ လူမှုဘဝချမ်းသာရ (Tobacco Control and Poverty)**ဖြစ်သည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှုကြောင့် ကုန်ကျရသော စရိတ်စကများသည် ဝင်ငွေနည်းပါးသော အိမ်ထောင်စုများတွင် ဆင်းရဲချို့တဲ့မှု၏ အရင်းခံအကြောင်းတရားတစ်ရပ်ဖြစ်နေသည်။ ဆေးလိပ်သောက်ခြင်း၊ ဆေးပါသောကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း စသည့် အပြုအမူ အလေ့အထကို ဝင်ငွေနည်းပါးသော မိသားစုများတွင် ပိုမိုတွေ့ရှိရသည်။

အထူးသဖြင့် ဆေးလိပ်သောက်ခြင်းသည် ဝင်ငွေ၊ လူနေမှုအဆင့်အတန်း၊ ပညာအရည်အချင်း စသည်တို့နှင့် များစွာဆက်စပ်လျက်ရှိသည်။ ဆေးပါသောကွမ်းစားခြင်းမှာ မြန်မာနိုင်ငံတွင် အလွှာအသီးသီးတွင် ကျင့်သုံးလျက်ရှိကြပြီး ယခုအခါ ရှေးယခင်ကထက် ဆေးကွမ်းစားသော အလေ့အထပို၍များပြားလာကြောင်း တွေ့ရှိရသည်။

ကွမ်းထဲတွင်ထည့်စားသော ဆေးရွက်ကြီးအမျိုးအစားမှာလည်း အမျိုးမျိုးပြုပြင်ဖော်စပ်၍ သုံးစွဲလာကြပြီး အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသော ကွမ်းဆေးမျိုးစုံကို စားသုံးလာကြရာ ဈေးနှုန်းမှာလည်း ပိုမိုမြင့်မားလာသည့်အပြင် ခံတွင်းကင်ဆာ၊ လျှာကင်ဆာ စသည့်ရောဂါများ ပိုမိုဖြစ်ပွားလာလျက်ရှိရာ ကျန်းမာရေးအတွက် အန္တရာယ်လည်း ပိုမို၍ကြီးမားလာကြောင်း တွေ့ရှိရသည်။

ဆေးလိပ်သောက်သူများသည် နေ့စဉ် တစ်ဦးချင်းဝင်ငွေ၏ ၆ ရာခိုင်နှုန်းခန့်ကို လည်းကောင်း၊ ကွမ်းဆေးစားသူများသည် နေ့စဉ် တစ်ဦးချင်းဝင်ငွေ၏ ၉ ရာခိုင်နှုန်းခန့်ကိုလည်းကောင်း သုံးစွဲနေကြပြီး ဆေးလိပ်နှင့်ဆေးကွမ်းပါ ပူးတွဲသောက်သုံးသူများအတွက် ဆေးလိပ်ဖိုး၊ ဆေးကွမ်းဖိုးသည် နေ့စဉ် တစ်ဦးချင်းဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းခန့်အထိ ကုန်ကျလျက်ရှိကြောင်း လေ့လာသိရှိရသည်။

ဆေးလိပ်နှင့် ကွမ်းဆေးဖိုးကုန်ကျစရိတ်အပြင် ဆေးလိပ်သောက်သုံးခြင်း၊ ကွမ်းဆေးစားခြင်းကြောင့် ဖြစ်ပေါ်လာသည့် နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ကင်ဆာရောဂါ စသည့် ရောဂါမျိုးစုံအတွက် ကုန်ကျရသည့် စရိတ်စကများမှာလည်း ကြီးမြင့်လှသည်။ အဆိုပါရောဂါများ ဖြစ်ပွားသည့်အတွက် နိုင်ငံတော်တွင်လည်း ကျန်းမာရေးကုန်ကျစရိတ် ကြီးမားသည့်အပြင် ပြည်သူလူထုတွင်လည်း ကြီးစွာသော ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။

မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင် စသည့် လူထုဆက်သွယ်ရေးမီဒီယာများမှတစ်ဆင့် ဆေးလိပ်သောက်ခြင်း၊ ဆေးကွမ်းစားခြင်းကြောင့် ရရှိနိုင်သည့် ဆိုးကျိုးများကို ပြည်သူများသိရှိနိုင်ရန် ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ဦးဆောင်ရေးဆွဲခဲ့သော ကမ္ဘာ့ပထမဆုံး ပြည်သူ့ကျန်းမာရေးဆိုင်ရာ စာချုပ်ကြီးဖြစ်သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံက ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် အတည်ပြုခဲ့သဖြင့် ကွန်ဗင်းရှင်း၏ ၁၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ရေး လုပ်ငန်းအပေါ်၌ တက်ကြွစွာဆောင်ရွက်ရန် ချမှတ်ထားသော သန္နိဋ္ဌာန်ကို နိုင်ငံတကာမှ အသိအမှတ်ပြုလာသည့်အလျောက် ရှေ့ဆက်လက်၍လည်း ပြည်သူအများကြားတွင် ဆေးလိပ်သောက်သုံးမှု လျော့နည်းကျဆင်းရေး၊ ကွမ်းဆေးစားသည့်အလေ့အကျင့် လျော့နည်းကျဆင်းလာရေးအတွက် ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၃၁-၅-၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပုဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Money and Banking (အိမ်တွင်းစီးပွား)
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၃၅ ၁၆။ လျှပ်တစ်ပြက်
၆:၄၅ ၁၇။ မေးမြန်းစူးစမ်း
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝင်းပပလှသူလေးရယ်"** (အပိုင်း-၁၆)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားမားသမား"**(အပိုင်း-၅)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ ရန်ကုန်တိုင်းလူငယ့်ရိပ်မြုံ (ပုဇွန်တောင်မြို့နယ်)၏ စက်ချုပ်သင်တန်း ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။
(ရန်ကုန်တိုင်း)

ရန်ကုန်တိုင်း လူငယ့်ရိပ်မြုံ(ပုဇွန်တောင်မြို့နယ်) စက်ချုပ်သင်တန်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်း လူငယ့်ရိပ်မြုံ(ပုဇွန်တောင်မြို့နယ်)၏ စက်ချုပ်သင်တန်း ဖွင့်ပွဲအခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်း ဆော်လမွန်အိမ်ရာရှိ ရန်ကုန်တိုင်း လူငယ့်ရိပ်မြုံ(ပုဇွန်တောင်မြို့နယ်) အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက် အားပေးချီးမြှင့်ကြသည်။

တက်ရောက်

အခမ်းအနားသို့ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယကအဖွဲ့ဝင်များ၊ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အလှူရှင်များ၊ လူငယ်လူရွယ်များ၊ စက်ချုပ်သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အနေဖြင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ ကွပ်ကဲမှုအောက်ရှိ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ၊ လူငယ့်ရိပ်မြုံ လုပ်ငန်းကော်မတီတို့မှ မိသားစုဝင်ငွေတိုး လုပ်ငန်းများဆောင်ရွက်ရန် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးမျိုးသန့် (စိုးမိုးကျော်နှင့်ဝိုင်းဝိုင်းလည်ထီဆိုင်)နှင့် ဦးအောင်သိန်းထွင်တို့က ငွေကျပ် ငါးသိန်းတန်ဖိုးရှိ စာအုပ်ဗီရို၊ ဦးစောလှိုင်-ဒေါ်ခင်ညိုသင်း(လှကမ္ဘာပရိဘောဂတိုက်)က ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ စာအုပ်ဗီရို၊ ဦးသိန်းမောင်-ဒေါ်ပါးပါး(စန္ဒီပရဆေး)က ငွေကျပ် ၁၀၀၀၉၀၊ ဦးကျော်နိုင်ဦး (Naing Group ဆောက်လုပ်ရေး)နှင့် ချယ်ရီဦး နာရီအရောင်းပြခန်း၊ ဦးဖေလှိုင်(SSI ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ)၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွှန့်၊ ဒေါက်တာအောင်သိန်း (Nibban Antenna and Electronic)တို့က အလှူငွေကျပ် တစ်သိန်းစီအပါအဝင် အလှူရှင် ၂၆ ဦးတို့က အလှူငွေကျပ် စုစုပေါင်း ၁၆၈၀၀၉၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေး၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်တို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

လိုအပ်သည်များ ဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် စက်ချုပ် သင်တန်းသူများ၏ လက်တွေ့သင်ကြားနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

အမျိုးသားညီလာခံကိုယ်စားလှယ်များအား တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၃၀

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ်ည ၇နာရီမှစတင်၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့်အတူ မြန်မာ့အသံ တေးသံရှင်များက အမျိုးသားညီလာခံ ဂုဏ်ပြုတေးဖြစ်သည့်“ကိုယ်စားလှယ်စုံညီအပြုံးဝေစီ” တေးသီချင်း အပါအဝင်တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး နာမည်ကျော် စတီရီယိုတေးသံရှင်များဖြစ်ကြသည့် စိုင်းထီးဆိုင်၊ ဂရေဟမ်၊ ဝေယံမင်းအောင်၊ ရတနာဦး၊လေးလေးဝါးနှင့်ပိုးအိစံတို့ကလည်း တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ဂီတဖျော်ဖြေပွဲသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဆပ်ကော်မတီဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များတက်ရောက်ကြည့်ရှုနားသောတဆင် အားပေးကြသည်။

ပါဝင်သီဆိုဖျော်ဖြေ

ဂီတဖျော်ဖြေမှု အစီအစဉ်များ တင်ဆက်စဉ် အမျိုးသားညီလာခံ ကိုယ်စား လှယ်များသည် အဆိုတော်များနှင့် တွဲဖက်၍လည်းကောင်း၊ တစ်ဦးချင်း လည်းကောင်း ပျော်ပျော်ပါးပါး ပါဝင်သီဆို ဖျော်ဖြေကြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

အဆိုပါ ဂီတဖျော်ဖြေမှု အစီအစဉ်တွင် ပါဝင်သီဆိုဖျော်ဖြေကြသူများအား ညီလာခံကိုယ်စားလှယ်များက ဂုဏ်ပြုဆုငွေများချီးမြှင့်၍ ဂီတဖျော်ဖြေမှုအပြီးတွင် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ကချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကိုမြန်မာ့ အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ)ဒေါ်တင်တင်မြအား ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ဖျော်ဖြေတင်ဆက်

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသား ညီလာခံသို့ တက်ရောက်လျက်ရှိသော ညီလာခံကိုယ်စားလှယ်များအား မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ မြန်မာ့အသံ တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။

(သတင်းစဉ်)

ကွက်ကျားမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား

၃၁-၅-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၁၀	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၂၀	၇။	မင်းလှရေလှောင်တမံ
၈း၃၀	၈။	International News
၈း၄၅	၉။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
၁၇း၁၅	၆။	အကပဒေသာ
၁၇း၃၀	၇။	လက်ဆင့်ကမ်းပေး ဂီတတေး
၁၇း၄၀	၈။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၇း၅၀	၉။	တေးဂီတအစီအစဉ်
၁၈း၀၀	၁၀။	အိမ်တွင်းမှုသိပ္ပံ တိုင်းရင်းသားရိုးရာအစားအစာ(ဗမာ)
၁၈း၀၅	၁၁။	**“ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ”** (လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဉ္စလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဂွမ်းပုံ)
၁၈း၁၀	၁၂။	ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့တေးများ
၁၈း၂၀	၁၃။	Discovery
၁၈း၃၀	၁၄။	ညနေခင်းသတင်း
၁၉း၀၀	၁၅။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၆။	ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် လွိုင်ဆမ်ဆစ်စိုက်ပျိုးရေးဇုန်
၁၉း၁၅	၁၇။	ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှ လူမှုဘဝချမ်းသာရ
၁၉း၃၀	၁၈။	အရောက်လှမ်းချီ ပန်းတိုင်သစ်ဆီ
၁၉း၄၅	၁၉။	ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀း၀၀	၂၀။	ပြည်တွင်းသတင်း
	၂၁။	နိုင်ငံတကာသတင်းများ
	၂၂။	မိုးလေဝသအခြေအနေ
	၂၃။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၂၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်ဆိုသည်မှာ”** (အပိုင်း-၄၁)



* ရှေ့ဖုံးမှ

ထို့အတူ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် သတ်မှတ်အားကစားရုံများ၌ လမ်းလျှောက်ခြင်း၊ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ စားပွဲတင်တင်းနစ်၊ အလေးမ၊ ဂေါက်သီးရိုက်နှင့် ဘိလိယက်လေ့ကျင့် ကစားခြင်းတို့ကို မိမိတို့ကျန်းမာရေးအတွက် ဝါသနာပါရာ အားကစားနည်းအလိုက် စုပေါင်း၍လည်းကောင်း၊ တစ်ဦးချင်းအလိုက်လည်းကောင်း လေ့ကျင့်လျက်ရှိကြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များအနက် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို မေ ၃၁ ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမအသီးသီး၌ ကျင်းပကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များ သတ်မှတ် အားကစားရုံများ၌ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်ကြစဉ်။

(သတင်းစဉ်)

ဆွေးနွေးညှိနှိုင်း

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် တိုင်းအလိုက် ညီလာခံကိုယ်စားလှယ်များ စာတမ်းများ ဆွေးနွေးညှိနှိုင်းပြုစုဖတ်ကြားကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များ စားပွဲတင်တင်းနစ် ကစားကြစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

အုပ်ချုပ်ရေးလွှဲပြောင်းပြီးနောက်ပိုင်း ကန်ဦးဆောင်သောတပ်ဖွဲ့များနှင့် ကြားဖြတ်အစိုးရအား ဆက်လက်တိုက်ပွဲဆင်နွှဲသွားရန် အီရတ်လက်နက်ကိုင်အုပ်စုများ သန္နိဋ္ဌာန်ချထား

ဒူဘိုင်း မေ ၂၈

အီရတ်တို့ကို ဇွန် ၃၀ ရက်၌ အုပ်ချုပ်ရေးလွှဲပေးပြီးနောက်ပိုင်း၌ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များနှင့် ကြားဖြတ်အစိုးရကို ဆက်လက် တိုက်ပွဲဆင်နွှဲသွားရန် အီရတ်လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးအုပ်စုများက သန္နိဋ္ဌာန်ချထားကြသည်။

အာရပ်ဘာသာစကားဖြင့် မေ ၂၅ ရက်က ထုတ်ပြန်သော ယင်းကြေညာချက်ကို မည်သည့်အုပ်စုကမျှ လက်မှတ်ထိုးမထားသော်လည်း ဘာ့သ်ပါတီက ထုတ်ပြန်ခဲ့သည့် ကြေညာချက်နှင့် ဆက်နွှယ်မှုရှိသည်ဟုဆိုသည်။

ဆက်လက်ကိုင်စွဲမည်

အီရတ်ခုခံတိုက်ခိုက်မှုသည် ဇွန် ၃၀ ရက်မတိုင်မီနှင့် ထိုရက်နောက်ပိုင်းတွင် လက်နက်ကိုင် တွန်းလှန်ရေးအခြေခံမှုကို ဆက်လက်ကိုင်စွဲသွားမည့် အုပ်ချုပ်ရေးကောင်စီဝင်များအနေဖြင့် ၎င်းတို့၏ရာထူးများကို စွန့်လွှတ်သည်ပင်ဖြစ်စေကာမူ ကြားဖြတ်အစိုးရနှင့် ယင်း၏ အဖွဲ့ဝင်များအားလုံးသည် ပစ်မှတ်များဖြစ်သည်ဟု ခုခံတိုက်ခိုက်ရေးအုပ်စုများက ပြောဆိုသည်။

မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမဆို သိမ်းပိုက်ရေးတပ်ဖွဲ့များအဖြစ် ဆက်ဆံမည်ဖြစ်ပြီး ဇွန် ၃၀ ရက်နောက်ပိုင်း ထုတ်ပြန်သော မည်သည့်ဆုံးဖြတ်ချက်များနှင့် သဘောတူချက်ကိုမဆို တရားမဝင်ကြောင်း ထုတ်ပြန်ချက်၌ ဆက်လက် ဖော်ပြထားသည်။

တိုးလာဖွယ်

အမေရိကန်ဦးဆောင်သော အီရတ်သိမ်းပိုက်ရေးတပ်ဖွဲ့များကို အီရတ်ခုခံတိုက်ခိုက်ရေးအုပ်စုများက ခုခံတိုက်ခိုက်လျက်ရှိကြပြီး အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က အီရတ်အုပ်ချုပ်ရေးသို့ အသွင်ကူးပြောင်းစဉ်ကာလအတွင်း ခုခံတိုက်ခိုက်မှုများ တိုးလာဖွယ်ရှိသည်ဟု ပြောဆိုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်စစ်ယာဉ်တန်း ဖော်လူဂျာ၌ လမ်းဘေးဗုံးထိမှန်

ဖော်လူဂျာ မေ ၂၈

အီရတ်နိုင်ငံ ဖော်လူဂျာမြို့၌ အမေရိကန်စစ်ယာဉ်တန်း တစ်ခု လမ်းဘေးထောင်ဗုံး ထိမှန်ခဲ့သည်။ ထိုသို့ထိမှန်ခဲ့ပြီး နောက် အမေရိကန်တပ်ဖွဲ့ဝင်များက အနီးအနားရှိ ကားများနှင့် လမ်းဖြတ်လျှောက်သွားသူများအား သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့ကြသည်။ ထိုသို့ပစ်ခတ်မှုကြောင့် အီရတ်အရပ်သား သုံးဦးသေဆုံးခဲ့သည်။ အဆိုပါဖြစ်ရပ်နှင့် ပတ်သက်ပြီး အမေရိကန်တို့ ဝေဖန်ပြောကြားခြင်းမရှိကြောင်း သိရသည်။

သေဆုံး

ဤအတောအတွင်း ရာမာဒီမြို့၌ အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ကင်းလှည့်လာသော အမေရိကန်တို့အား ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ အပြန်အလှန် ပစ်ခတ်ခဲ့ကြသဖြင့် ကလေးနှစ်ဦး သေဆုံးသည်။ မည်သူ လက်ချက်ဆိုသည်မှာ သဲသဲကွဲကွဲမသိရှိရဟု ဆိုသည်။

(စီအင်န်အင်န်)

နာဂျက်ဖ်မြို့၌ တိုက်ပွဲများပြင်းထန် မြို့တွင်း၌ ပိုမိုမငြိမ်မသက်ဖြစ်လာ

နာဂျက်ဖ် မေ ၂၈

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့၌ ဆာဒါးတပ်ဖွဲ့များနှင့် အမေရိကန်တပ်ဖွဲ့များ ဖြစ်ပွားနေသည့် တိုက်ပွဲများ ပြင်းထန်မှုကြောင့် မြို့တွင်းမငြိမ်သက်မှုများလည်း ပိုမိုဖြစ်ပွားလာခဲ့သည်။ အမေရိကန်တို့က အီရတ်ခေါင်းဆောင် ဆာဒါအပေါ် ဖိအားပေးမှု ပိုမိုပြုလုပ်လာပြီး ပဋိပက္ခများဖြစ်ပွားနေသည့် နာဂျက်ဖ်မြို့အရေးကို ဖြေရှင်းရန် အီရတ်အုပ်ချုပ်ရေး ကောင်စီမှ အဖွဲ့ဝင်တစ်ဦးက အမေရိကန်တပ်များနှင့် သဘောတူညီမှုရယူဖို့ ကြိုးစားလျက်ရှိသည်။

အမြဲနားစွင့်

ထိုသဘောတူညီချက်မှာ ဆာဒါ၏တပ်ဖွဲ့များ လက်နက်ချရန်နှင့် မြို့၏လုံခြုံရေးကို အီရတ်ရဲများက တာဝန်ယူဆောင်ရွက်ရန်တို့ ပါဝင်ကြောင်း သိရသည်။ နာဂျက်ဖ်မြို့ရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် စိန်ပြောင်းနှင့် ပစ်ခတ်တိုက်ခိုက်သံများကို အမြဲနားစွင့်နေကြရကြောင်း အမေရိကန်စစ်ဘက်က ပြောကြားခဲ့သည်။ လာရောက်ဆွေးနွေးညှိနှိုင်းသည့် အီရတ်အုပ်ချုပ်ရေးကောင်စီဝင် ဆာလာမာ အယ်ခါဖာဂျီ၏ကားကို ဘဂ္ဂဒက်မြို့၌ ချုံခိုတိုက်ခိုက်ခဲ့ပြီး ၎င်း၏သားနှင့် အခြားလူသုံးဦး သေဆုံးခဲ့ကြောင်းနှင့် ၎င်းသည် မကြာသေးခင်က လုပ်ကြံခံခဲ့ရသည့် အမျိုးသမီး အီရတ်အုပ်ချုပ်ရေးကောင်စီဝင်နေရာ၌ အစားထိုး ခန့်အပ်ခြင်းခံရသူဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ကင်းလှည့်

နာဂျက်ဖ်မြို့တွင် ကင်းလှည့်နေသော အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ်ပြောက်ကျားတို့ကို မေ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အဘူဂါရိပ်မှလွှတ်ပေးလိုက်သော အီရတ်အကျဉ်းသားများ၏ယာဉ်တန်းအား အစောင့်လိုက်ပါလာသည့်ကန်တပ်ဖွဲ့ဝင်များနှင့်တိုက်ခိုက်ရေးသမားများတိုက်ပွဲဖြစ်ပွား

ဘဂ္ဂဒက် မေ ၂၈

အဘူဂါရိပ်အကျဉ်းထောင်မှ လွှတ်ပေးလိုက်သော အကျဉ်းသားများ၏ယာဉ်တန်းအား အစောင့်အဖြစ် လိုက်ပါလာသည့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အမည်မသိတိုက်ခိုက်ရေးသမားများ ဘဂ္ဂဒက်မြို့ပြင် အဝေးပြေးလမ်းမကြီး တစ်နေရာတွင် ယမန်နေ့က အပြန်အလှန် တိုက်ပွဲဖြစ်ပွားခဲ့ကြသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်သော အဘူဂါရိပ်အကျဉ်းထောင်မှ ထွက်ခွာလာသည့် ဘတ်စကား တစ်ဒါဇင်ခန့်ကို အဝေးပြေးလမ်းမကြီးအနီးရှိ အဆောက်အအုံများမှနေ၍ ပစ်ခတ်တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်သည်။ ပစ်ခတ်မှုဖြစ်ပွားပြီးနောက် တင့်ကားအချို့ ရောက်လာခဲ့ကြသော်လည်း နောက်ထပ်တိုက်ပွဲဖြစ်ပွားခြင်းမရှိဟု ဆိုသည်။ ထိုဖြစ်ပွားရာနေရာ၌ရှိသော သတင်းထောက်တစ်ဦးက ထိခိုက်သေဆုံးမှုများကို မတွေ့ရကြောင်း ပြောဆိုသည်။

ထွက်ခွာ

ဘတ်စကားအများစုမှာ ၎င်းတို့၏ ခရီးလမ်းဆုံးဖြစ်သော တီကရစ်၊ ဘာကူဘာနှင့် ကယ်ကွတ်မြို့များသို့ ဆက်လက် ထွက်ခွာသွားခဲ့ကြသည်ဟု သိရသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ၎င်းနေရာအနီး အိမ်တစ်အိမ်၏ ခေါင်မိုးပေါ်သို့ တက်ရောက်၍ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို မေ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်ကို ကန်နှင့်အပေါင်းပါတပ်များကျူးကျော်မှု အီရန်တို့ဒေါသထွက် တီဟီရန်ရှိ ဗြိတိသျှသံရုံးရှေ့တွင် ဆန္ဒပြကန့်ကွက်

တီဟီရန် မေ ၂၉

အီရန်နိုင်ငံ တီဟီရန်မြို့ရှိ ဗြိတိသျှသံရုံးရှေ့၌ သောကြာနေ့က ဆန္ဒပြသူ ၃၀၀ ခန့်နှင့် ရဲတပ်ဖွဲ့ဝင်များ ပဋိပက္ခ ဖြစ်ပွားခဲ့သည်။ ဗြိတိသျှနှင့် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံအား ကျူးကျော်မှုအပေါ် ဆန္ဒပြသူများက ဒေါသထွက်လျက်ရှိသည်။

ရဲတပ်ဖွဲ့ဝင် ၂၅၀ ခန့်က ဆန္ဒပြလူအုပ်ကို တွန်းထုတ်ခြင်း၊ လူအချို့ကို ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူ ရိုက်တာသတင်းထောက်တစ်ဦးက ပြောကြားသည်။

ကြွေးကြော်

"မိမိတို့သည် အာဇာနည်များ၏သွေးများဖြင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲကို သတ်လိမ့်မည်"ဟု ဆန္ဒပြလူအုပ်ကြီးက ကြွေးကြော်သည်။ ထိုနေရာသည် အမှိုက်ပုံးတစ်ခုသာဖြစ်သည်။ သင်တို့၏ အမှိုက်တွေကို ပစ်ထည့်ကြဟု ဆန္ဒပြသူများက ပြောကြားကာ သံရုံးရှိ ပြတင်းပေါက်များကို မီးကျည်မီးပန်းများနှင့် ကျောက်ခဲများဖြင့် ပစ်ပေါက်ကြသည်။

ကြေညာ

ခေါင်းတွင် သွေးထွက်နေသော ဆန္ဒပြသူတစ်ဦးကို ရဲကဖမ်းဆီးလိုက်သည်။ အခြားဒဏ်ရာရသူတစ်ဦးနှင့် လဲကျနေသူတစ်ဦးကို ဖမ်းဆီးခဲ့သည်။ ဆန္ဒပြသူများသည် အယာတိုလာခါမေနီနှင့် တွေ့ဆုံမှုအရ အနက်ရောင်အင်္ကျီများကို ဝတ်ဆင်ထားကြသည်။ ခါမေနီသည် အီရတ်ကျူးကျော်သိမ်းပိုက်မှုကြောင့် သေဆုံးရသည့် ဝမ်းနည်းဖွယ်နေ့ဟု ကြေညာခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

31-5 (04).p65 1 03/27/1905, 1:41 PM

အီရတ်ပြည်သူများအား အမေရိကန်တို့ အကြမ်းဖက်နေ အကြမ်းဖက်မှုသည် အကြမ်းဖက်ခြင်းကိုသာဖြစ်စေ

ဘဂ္ဂဒက် မေ ၂၉

သေနတ်သမားများ၏ ချုံခိုတိုက်ခိုက်ခြင်းခံရပြီး အသက်ရှင်ကျန်ရစ်သူ အီရတ်နိုင်ငံရေးသမားတစ်ဦးက ၎င်း၏သား သေဆုံး၍ အမေရိကန်တပ်ဖွဲ့ဝင်များအား သောကြာနေ့က ပြစ်တင်ပြောကြားလိုက်သည်။

အီရတ်အုပ်ချုပ်ရေး ကောင်စီဝင်ဖြစ်သည့် အယ်ခါဖာကျီက ပြောကြားရာတွင် သူမသည် သွေးထွက်သံယိုမှုများ အဆုံးသတ်ရေးအတွက် သွားရောက်ဆုတောင်းခဲ့သော နာဂျက်ဖ်မြို့မှ ဘဂ္ဂဒက်မြို့သို့ ပြန်လာခဲ့ကြောင်း ပြောကြားသည်။

ပြောကြား

မိမိသည် အမေရိကန်တို့အကြမ်းဖက်နေမှု အဆုံးသတ်ရေးနှင့် အခြားသောအကြမ်းဖက်မှုများရင်ဆိုင်နေရမှုကို ဆုတောင်းရန်သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သူမက ဘဂ္ဂဒက်မြို့နေအိမ်၌ ရိုက်တာနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

ရန်စနေ

အမေရိကန်တို့သည် အခြားသော အီရတ်ပြည်သူများကို သွေးထွက်သံယိုမှုဖြစ်အောင်လုပ်နေကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်နေခြင်းသည် ရန်စနေခြင်းပင်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုသည် အကြမ်းဖက်ခြင်းကို ဖြစ်စေကြောင်း၊ အမေရိကန်တပ်ဖွဲ့၏ အကြမ်းဖက်မှုကို ရပ်တန့်အောင် လုပ်ရမည်ဖြစ်ကြောင်း သူမက ပြစ်တင်ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

ကြွေးကြော်ဆန္ဒပြ

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များအား ဆန့်ကျင် ကန့်ကွက်သည့်အနေဖြင့် အိန္ဒိယနိုင်ငံအလယ်ပိုင်း ဘိုပါးလ်မြို့တွင် ဆန္ဒပြနေသည်ကို မေ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှု နိုင်ငံတကာဥပဒေကိုဆန့်ကျင် ဥရောပသမဂ္ဂ၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံခေါင်းဆောင်များပြောကြား

ဂွာဒါလာဂျာယာ(မက္ကဆီကို) မေ ၂၉

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်မှုအား ဥရောပနှင့်လက်တင် အမေရိကခေါင်းဆောင်များက သောကြာနေ့၌ ပြစ်တင်ရှုတ်ချလိုက်ကြပြီး အကြမ်းဖက်မှုကို တစ်ဦးတည်း စစ်ဆင်နွှဲခြင်းထက် ကုလသမဂ္ဂနှင့် ပူးပေါင်းလုပ်ဆောင်သွားရန် အမေရိကန်ပြည်ထောင်စုကို တွန်းအားပေးလိုက်သည်။

အီရတ်အကျဉ်းထောင်များ၌ အကျဉ်းသားများကို မတရားနှိပ်စက်သည့် မကြာသေးမီက ပေါ်ထွက်လာသော အထောက်အထားများကြောင့် မိမိတို့ တုန်လှုပ်ချောက်ချားမှုဖြစ်ကြောင်း၊ယင်းမတရားနှိပ်စက်မှုများသည် နိုင်ငံတကာ ဥပဒေကိုဆန့်ကျင်ကြောင်း ဥရောပသမဂ္ဂ၊ လက်တင်အမေရိကနှင့်ကာရစ်ဘီယံခေါင်းဆောင်များက တစ်ရက်ကြာ ကျင်းပသည့် ထိပ်သီးအစည်းအဝေးအပြီးတွင်ကြေညာချက်ထုတ်ပြန်ရာ၌ ဖော်ပြထားသည်။

ဥရောပနှင့် လက်တင် အမေရိကခေါင်းဆောင်များသည် အမေရိကန်ပြည်ထောင်စုကို ရည်ညွှန်းကာ နိုင်ငံတစ်နိုင်ငံတည်းကို ဆောင်ရွက်လုပ်ကိုင်ခွင့် ပေးမည့်အစား ပဋိပက္ခမှုများကို ဖြေရှင်းရာတွင် ဦးဆောင်ဖို့အတွက် ကုလသမဂ္ဂ အဖွဲ့ကြီးကို ပြုပြင်ပြောင်းလဲပြီး ခိုင်မာတောင့်တင်းအောင် လုပ်ဆောင်ရန် အတွက် တွန်းအားပေးရန် သဘောတူခဲ့ကြသည်။

နိုင်ငံပေါင်းစုံ မူဝါဒသည် မိမိတို့၏ ယခုကာလတွင် မရှိမဖြစ်အရေးပါကြောင်း၊ အီရတ်စစ်ပွဲအား ဦးဆောင်ကန့်ကွက်ခဲ့သူပြင်သစ်သမ္မတ ဂျက်ရှီရက်က ပြောကြားပြီး ဂျာမနီ ဝန်ကြီးချုပ် ဂါဟာ့ဒ်ရှရိုဒါက လုံခြုံရေးဆိုသော အဓိပ္ပာယ်ကို စစ်ရေးစစ်ရာ သက်သက်ဖြင့် မဖော်နိုင်ကြောင်းနှင့် ကုလသမဂ္ဂသည် တောင့်တင်းခိုင်မာဖို့လိုကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အနောက်အုပ်စုတပ်ဖွဲ့ဝင်များ အီရတ်၌ရှိမှု ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဆန့်ကျင်ကန့်ကွက်

ဘာလင် မေ ၂၉

အီရတ်နိုင်ငံတွင် အနောက်အုပ်စုတပ်ဖွဲ့ဝင်များရှိရမည်မဟုတ်ကြောင်းနှင့် အီရတ်၌ နေတိုးတပ်ဖွဲ့ဝင်များရှိခြင်းကို ဆန့်ကျင်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ယော့ရှ်ကာဖစ်ရှာက သောကြာနေ့၌ ပြောကြားလိုက်သည်။

မည်သည့်အခြေအနေတွင်မဆို အနောက်အုပ်စုတပ်ဖွဲ့ဝင်များအပေါ် မိမိ၏ ခိုင်မာသော အတွေးအမြင်မှာ သိမ်းပိုက်သူများဟူ၍သာဖြစ်ကြောင်း အရှေ့အလယ်ပိုင်းကိစ္စကို ဂျာမန်ပါလီမန်၌ အခြေအတင်ဆွေးနွေးစဉ် ဖစ်ရှာက ပြောကြားသည်။

အန္တရာယ်ဖြစ်မည်

သို့ဖြစ်ရာ အီရတ်သည် နေတိုးအတွက် နေရာမဟုတ်ကြောင်း၊ နေတိုးတပ်ဖွဲ့များကို အီရတ်၌ဖြန့်ချခြင်းသည် အပေါင်းပါနိုင်ငံများအတွက် အန္တရာယ်ဖြစ်စေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဖိအားမပေး

ဇွန် ၃၀ရက်၌ အုပ်ချုပ်ရေးလွှဲပြီးသည့်နောက်ပိုင်းတွင် အီရတ်တည်ငြိမ်ရေးအတွက် အပေါင်းပါနိုင်ငံများ၏ ကတ္တာနှင့် စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုက ဖိအားပေးမည်မဟုတ်ကြောင်း ပြောဆိုခဲ့သည်။

မပြောဆို

အီရတ်ဆိုင်ရာ ကုလသမဂ္ဂဆုံးဖြတ်ချက်တွင် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များ ရပ်သိမ်းရေးအတွက် ရက်စွဲပါသင့်သည်၊ မပါသင့်သည်ဆိုသည်ကို ဖစ်ရှာကပြောဆိုခြင်းမပြုဘဲထားသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်အရေးကိစ္စကို တရုတ်နှင့်အိန္ဒိယတို့ ညှိနှိုင်းတိုင်ပင် ကုလဆုံးဖြတ်ချက်မူကြမ်းနှင့်စပ်လျဉ်း၍ သဘောထားအမြင်ချင်းဖလှယ်

ပေကျင်း မေ ၂၉

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံသည် အီရတ်အရေးကိစ္စကို တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းတိုင်ပင်ပြီး နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ထူထောင်သွားရန် ဆုံးဖြတ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်းနှင့် အိန္ဒိယပြည်ပရေးရာ ဝန်ကြီးသစ် ကေနက်ဝါဆင်းတို့ ဗုဒ္ဓဟူးနေ့ညက ပထမဆုံးအကြိမ် တယ်လီဖုန်းဖြင့် စကားပြောဆိုရာ၌ နိုင်ငံဆက်ဆံရေးကို ဆွေးနွေးကြသည့်ပြင် အီရတ်ကိစ္စကိုလည်း အပြန်အလှန် အမြင်ချင်းဖလှယ်ခဲ့ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက သတင်းထောက်များကို အကျဉ်းပြောပြသည်။

အမြင်ချင်းဖလှယ်

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (ယူအင်န်အက်စ်စီ)က ပြဋ္ဌာန်းမည့် ဆုံးဖြတ်ချက် မူကြမ်းသစ်နှင့် စပ်လျဉ်း၍လည်း တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံသည် ၎င်းတို့၏ သဘောထား အမြင်ချင်း ဖလှယ်ခဲ့ကြသည်ဟု ၎င်းက ပြောကြားသည်။ အိန္ဒိယပြည်ပရေးရာ ဝန်ကြီး ဆင်းကလည်း အီရတ်တွင် ဖြစ်ပျက်နေသော အခြေအနေကို စိုးရိမ်ကြောင်း၊ အီရတ်အရေးကိစ္စကို တရုတ်နိုင်ငံနှင့် နောက်ထပ်ဆက်သွယ်ညှိနှိုင်း ဆွေးနွေးလိုကြောင်း ပြောကြားခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံသည် ယခုနှစ်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်ထူထောင်သည့် နှစ် (၅၀)ပြည့် နှစ်ပတ်လည်ကို ပူးတွဲကျင်းပကြမည်ဖြစ်သည့်ပြင် တရုတ်နိုင်ငံက အိန္ဒိယနှင့် ပူးပေါင်းလုပ်ဆောင်လိုကြောင်း ၎င်းက ပြောကြားသည်။

(ပီတီအိုင်)

နာဂျက်ဖ်မြို့တွင် အမေရိကန်တို့ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို မေ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့ရှိ ကလေးထိန်းဌာနမီးလောင် ကလေးငယ် ၁၀၀ခန့်ကို မီးဘေးမှကယ်ဆယ်နိုင်ခဲ့

ဂျိုဟန်နစ္စဘတ် မေ ၂၉

တောင်အာဖရိကနိုင်ငံ၏ မြို့တော်ပရီတိုးရီးယားအရှေ့ဘက်မာမီလိုဒီရှိ ကလေးထိန်းဌာနတစ်ခု မီးလောင်ရာတွင် ကလေးငယ် ၁၀၀ခန့်ကို ကယ်ဆယ်လိုက်နိုင်ကြောင်း ဒေသထုတ်သတင်းစာတစ်စောင်က သောကြာနေ့၌ ဖော်ပြလိုက်သည်။

မီးမှာ ကြာသပတေးနေ့၌ လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်ချိန်၌ ကလေးများသည် စားသောက်နေကြလျက်ရှိသည်။ အနီးနားရှိ ရဲအဖွဲ့ဝင်များသည် မီးလောင်ကြောင်း သိလျှင်သိချင်း ကျောင်းရှိရာသို့ရောက်လာပြီး ကလေးများကို ကယ်ဆယ်ခဲ့ကြပြီးနောက် မီးကို မီးသတ်ပိုက်များဖြင့် ငြိမ်းသတ်ခဲ့ကြသည်။

ကလေးတစ်ဦး မီးခြစ်ဖြင့် ဆော့ကစားရာမှ မီးလောင်ခြင်းဖြစ်နိုင်ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။ မီးလောင်ရသည့်အကြောင်းကို စုံစမ်းမည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းထောင်ရှေ့၌ သားဖြစ်သူ၏ သတင်းကိုစုံစမ်းမေးမြန်းရန် စိတ်သောကရောက်နေသည့် မိခင်တစ်ဦးကို မေ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပျက်စီး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံး ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးနေသော မော်တော်ယာဉ်များကို မေ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန် ရဟတ်ယာဉ်များက ဆီးရီးယားနယ်စပ်သဲကန္တာရဒေသကို ဗုံးကြဲတိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့် အီရတ်တစ်ဦး၏ မိသားစုဝင်များ ဝမ်းနည်းပူဆွေးနေကြသည်ကို မေ ၂၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များက နာဂျက်ဖ်မြို့ကို စီးနင်းတိုက်ခိုက်စဉ်အတွင်း ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို မေ ၂၆ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်မြို့ လမ်းများပေါ်တွင် အီရတ်လက်နက်ကိုင်များ သွားလာလှုပ်ရှားနေကြသည်ကို မေ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လမ်းပျက်စီး

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ လမ်းတစ်လမ်းပေါ်တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးနေသော နေရာကို မေ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ရထားလမ်းဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မိုင်းစိတ်–ကောင်ဆိုင်း ရထားလမ်းအပိုင်းကို ၂၀၀၄ ခုနှစ် မတ်၂၀ရက်က ဖွင့်လှစ်ပေးခဲ့ရာ ဒေသခံ ပြည်သူများ ဤသို့တက်ကြွပျော်ရွှင်စွာတက်ရောက်ခဲ့ကြသည်။
(ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

မိုင်းလား ဓာတ်အားပေးစက်ရုံ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားဒေသရှိ မိုင်းလားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း– ပြန်/ဆက်)

မူဆယ်မြို့နယ် ကျေးလက်လမ်း

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်တွင် ကျေးလက်ကျောက်ချောလမ်းများ ခင်းပေးခဲ့သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လျက်ရှိသည်။
(ဓာတ်ပုံမှတ်တမ်း– နယ်စပ်/စည်ပင်)

ခရိုင်ချင်းဆက်လမ်း

မန္တလေးတိုင်း နွားထိုးကြီးမြို့နယ်အပိုင်းတွင် စက်ယန္တရားကြီးများဖြင့် ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ပေးလျက် ရှိသည်ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း– နယ်စပ်/စည်ပင်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး



မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ရုံးကျေးရွာတွင် စက်ရေတွင်းများ တူးဖော်ပေးခဲ့၍ ကျေးလက်ပြည်သူများ ဤသို့ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိနေကြပြီဖြစ်သည်။
(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွှန့်နှင့်အဖွဲ့ဝင်များ မေ ၂၉ ရက်က ပဲခူးတိုင်း သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲ အခမ်းအနားတွင် စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

★ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးခင်ဇော်ဦး၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြသည်။

ပူဇော်ကန်တော့

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဘုရားခန်း၌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူ ဆရာတော် ဒေါက်တာ ဉာဏိဿရ အမှူးပြုသော ဆရာတော်သံဃာတော်များအား ပူဇော်ကန်တော့ကြသည်။

ယင်းနောက် ပဲခူးတိုင်း(အနောက်ပိုင်း) သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့ အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီ၄၅ မိနစ်တွင် အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမှတ်(၁)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်လှလှမြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ဘင်ခရာအဖွဲ့၊ပန်းဖွားအကအဖွဲ့၊ ကဗျာလွတ်အကအဖွဲ့များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆင်မြီးဆွဲမြို့ အခြေခံ ပညာအထက်တန်းကျောင်း 'မြန်မာ့ပညာရေးမျှော်မှန်းချက်ကမ္ပည်းမော်ကွန်း'နှင့်'ပညာရေးဆောင်ပုဒ်' ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ ဧည့်သည်တော်များသည် နိုင်ငံတော်အလံကို အလေးပြုကြပြီး ဘင်ခရာအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ထို့နောက် ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူများက ရွှေကြိုးဆွဲ၍ 'မြန်မာ့ပညာရေးမျှော်မှန်းချက်ကမ္ပည်းမော်ကွန်း' နှင့် 'ပညာရေးဆောင်ပုဒ်' တို့ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကျောင်းသူများက 'မြန်မာ့ပညာရေး မျှော်မှန်းချက်ကမ္ပည်းမော်ကွန်း' နှင့် 'ပညာရေးဆောင်ပုဒ်' ဖွင့်ပွဲကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ကျောင်း သီချင်းဖြင့် သီဆိုကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဆင်မြီးဆွဲမြို့ အခြေခံပညာ အထက်တန်းကျောင်း

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မေ ၂၉ ရက်က သဲကုန်းမြို့နယ်ခန်းမ၌ သဲကုန်း၊ ပုတီးကုန်း၊ အင်းမ၊ ဝက်ပုတ်အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို မြို့နယ်ပညာရေးမှူးအား ပေးအပ်စဉ်။ (သတင်းစဉ်)

မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲ အစီအစဉ်ကို ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇင်မြင့်တို့က ဖဲကြိုးဖြတ်၍ ဆင်မြီးဆွဲမြို့ အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စက်ခလုတ်နှိပ်၍ မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Printed Media (Reading Corner), Electronic Media (Video System) Computer Lab, Language Lab, Computer Aided Instruction, Visual Presenter ခန်းတို့ကို လှည့်လည်၍ ကျောင်းသား ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပန်းချီ အနုပညာခန်းနှင့် အိမ်တွင်းမှုနှင့် လက်မှုပြခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်ဂီတအနုပညာခန်း၌ကျောင်းသားကျောင်းသူများ၏ စွမ်းရည်ပြတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍သီတဂူဆရာတော်ကြီး ကြီးမှူးလှူဒါန်းသော သဲကုန်းမြို့ နယ် ဆင်မြီးဆွဲ မြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ အစီအစဉ်ကို ကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမြင့်က ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ၌ တပ်ဆင်ထားသော ခေတ်မီ သင်ထောက်ကူပစ္စည်းများကို ရှင်းလင်းတင်ပြပြီး သင်ထောက်ကူစာသင်ခန်းများ ပေါ်ထွန်းလာရေးအတွက် ကွန်ပျူတာများ၊ တီဗွီနှင့်အခြားဆက်စပ်ပစ္စည်းများကို အဓိကထားလှူဒါန်းသည့် ကျေးဇူးတော်ရှင် သဲကုန်းသီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ အမှူးပြုသော တပည့်များ၊ စေတနာရှင်အလှူရှင်များအား ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက်ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဟန်တင်က မာလ်တီမီဒီယာ စာသင်ခန်းများ ပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက်မှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆင်မြီးဆွဲမြို့ အခြေခံပညာ အထက်တန်းကျောင်း အတွက် ရုပ်မြင်သံကြားစက်၊ ကွန်ပျူတာ တစ်စုံနှင့် မီးစက်တို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

ဆက်လက်၍ ဆင်မြီးဆွဲမြို့အခြေခံပညာ အထက်တန်းကျောင်းအတွက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းက ရုပ်မြင်သံကြားစက်ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

ထူးချွန်ပုဂ္ဂိုလ်များပေါ်ထွန်းခဲ့

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့သည် သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့အတွက် အလွန်ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသောနေ့တစ်နေ့ ဖြစ်ကြောင်း၊ ဆင်မြီးဆွဲမြို့သည် သဲကုန်းမြို့နယ်အတွင်းရှိ မြို့ငယ်လေးတစ်မြို့ဖြစ်သော်ငြားလည်း ဤဒေသမှ မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ထူးချွန်သောပုဂ္ဂိုလ်များပေါ်ထွန်းခဲ့သည်ကို တွေ့ရှိရကြောင်း။

ထို့ပြင် ထင်ရှားကျော်ကြားသည့်ဆရာတော်ကြီးများ၊ စာပေပညာရှင်များနှင့် အနုပညာရှင်များစွာကို ဤဆင်မြီးဆွဲမြို့မှပင် ပေါ်ထွန်းလာခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

ထူးခြားသည့်မြို့

ထို့ကြောင့်ဆင်မြီးဆွဲမြို့မှာ မြို့ငယ်လေးတစ်ခုပင် ဖြစ်သော်ငြားလည်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာသမိုင်းတို့တွင် ထူးခြားသည့် အစဉ်အလာကောင်း ဖြစ်ထွန်းခဲ့သည့် မြို့တစ်မြို့ဖြစ်သဖြင့် မှတ်တမ်းတင်ထိုက်သည့် မြို့တစ်မြို့ ဖြစ်ကြောင်း။

ယနေ့ မိမိနှင့်အဖွဲ့အနေဖြင့် ကျေးဇူးရှင် သီတဂူ သဲကုန်းဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ ဦးဆောင်မှု၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဒေသဆိုင်ရာများ၏ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲသို့ တက်ရောက်အားပေးရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးရန် လာရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း။

ကြည်နူးဝမ်းသာ

ယနေ့ဆင်မြီးဆွဲမြို့တစ်မြို့လုံးလိုလိုမှာပင် မြို့သူမြို့သားများ တက်ကြွမှုနှင့်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၉ ရက်က ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ဂုဏ်ယူဝမ်းမြောက်မှုအဖုံဖုံမြင်ကွင်းကို တွေ့မြင်ရသဖြင့် ကြည်နူးဝမ်းသာမှုများ ခံစားရပါကြောင်း။

ယနေ့အချိန်အခါသည် နိုင်ငံတော်ဦးဆောင်မှုဖြင့် နိုင်ငံတော်အတွင်းရှိ ပြည်နယ်နှင့် တိုင်း အားလုံး၊ နယ်စပ်အစွန်အဖျားနှင့် အတွင်းပိုင်းဒေသများ၊ မြို့ပြနှင့်ကျေးလက်၊ တောင်ပေါ်၊ မြေပြန့် ဒေသများအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ကြောင်း။

ဤကဲ့သို့ တောင်ပေါ်၊ မြေပြန့်၊ မြို့ပြနှင့်ကျေးလက်ဒေသအားလုံးမျှမျှတတဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် သဘောထားခံယူချက်ဖြင့် ဆောင်ရွက်ပေးနေမှုကြောင့် မျိုးချစ်စိတ်ဓာတ်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ ပိုမိုရှင်သန်ဖြစ်ထွန်းလျက်ရှိကြောင်း။

ယနေ့ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းသူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရသီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရထံမှနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော်သံဃာတော်တို့အားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် မြင်းကောင်ရေ ၁၀ကောင်အားရှိ လျှပ်စစ်မီးစက်ကို

တော်ကြီးကိုယ်စား သီတဂူသာသနာပြုအဖွဲ့မှ ဦးဟန်က လည်းကောင်း၊ အာရုတော်ဝင် အထူးကုဆေးခန်းအုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာမြတ်သူ၊ ဒေါက်တာခင်ချိုဦး မိသားစုတို့က ငွေကျပ် ၁၇ သိန်း တန်ဖိုးရှိ ဆေးရုံသို့ ပစ္စည်းခုနစ်မျိုးကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သီတဂူ ဆရာတော်၏ ငွေကျပ် သိန်း ၈၀ အလှူတော်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို သီတဂူဆရာတော်ကြီးကိုယ်စား သီတဂူသာသနာပြုအဖွဲ့မှ ဦးဟန်အား ပေးအပ်သည်။

ထို့နောက် ဆင်မြီးဆွဲမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် လျှပ်စစ်မီးစက်တစ်လုံးနှင့် ဆင်မြီးဆွဲမြို့ တိုက်နယ်ဆေးရုံအတွက် အောက်စီဂျင်စက်တစ်လုံး စုစုပေါင်း ငွေကျပ် ၁၃ သိန်းတန်ဖိုးရှိ ပစ္စည်းများအတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား သီတဂူဆရာတော်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မေ ၂၉ ရက်က ရွှေ တောင်မြို့နယ် ဆင်မကြပ် ကျေးရွာအုပ်စု ရှေးယောင်း သမိုင်းဝင် ဆုတောင်းပြည့် ရှင်လိုဏ်ဂူ စေတီတော် ပရဝဏ် အတွင်းရှိ သာသနိက အဆောက်အအုံများ ရေစက်ချ အလှူတော် မင်္ဂလာ အခမ်း အနားတွင် သီတဂူ ဆရာတော် ဒေါက်တာ အရှင် ဉာဏိဿရ အမှူးပြုသော ဆရာတော် သံဃာတော်တို့ အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တောင်ပေါ်မြေပြန့်၊ မြို့ပြနှင့်ကျေးလက်ဒေသအားလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်စေရမည်ဟူသော ခံယူချက်ဖြင့် ဆောင်ရွက်ပေးမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုရှင်သန်ဖြစ်ထွန်းလျက်ရှိ

ကျောင်းသားများက မိမိတို့၏ သင်ကြားတတ်မြောက်မှု စွမ်းရည်များကို တက်ကြွသည့် အားမာန်နှင့် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ဖော်ပြသနေသည်ကို တွေ့မြင်ရပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရေးအတွက် တိုင်းကျိုးပြည်ပြု အသိပညာရှင်၊ အတတ်ပညာရှင်များစွာ ဤကျောင်းတော်ကြီးက မွေးထုတ်ပေးနိုင်ပါစေဟုလည်း ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

စုပေါင်းဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အတူစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အလှူငွေပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဆင်မြီးဆွဲမြို့ မြို့သစ်ကျောင်း မေတ္တာပေါင်းဆုံမဏ္ဍာပ်၌ ဆက်လက်ကျင်းပသည်။

ကျောင်းအကျိုးတော်ဆောင် အဖွဲ့အား ပေးအပ်သည်။

ထို့နောက် အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆင်မြီးဆွဲမြို့ တိုက်နယ်ဆေးရုံအတွက် အောက်ဆီဂျင်စက်ကို တိုက်နယ်ဆရာဝန်အားပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း ကွန်ပျူတာပစ္စည်းများ ထိန်းသိမ်းရန် ရန်ပုံငွေကျပ်ငါးသိန်းကို သီတဂူဆရာတော်ကြီး ကိုယ်စား သီတဂူ သာသနာပြုအဖွဲ့မှ ဦးဟန်က လည်းကောင်း၊ ဦးတင်ဝင်း-ဒေါ်ဖြူဖြူဝင်းမိသားစု (ကိုတင်ဝင်းတာယာလုပ်ငန်း)က ငွေကျပ် ငါးသိန်းကို လည်းကောင်း၊ ဆင်မြီးဆွဲမြို့တိုက်နယ်ဆေးရုံအတွက် သီတဂူဆရာတော်ကြီး လှူဒါန်းသော မြင်းကောင်ရေ၁၀ ကောင်အားရှိ မီးစက်ကို သီတဂူဆရာ

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မေ ၂၉ ရက်က ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း အတွက် မြင်းကောင်ရေ ၁၀ ကောင်အားရှိ လျှပ်စစ်မီးစက်ကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့အား ပေးအပ်စဉ်။ (သတင်းစဉ်)

ဒေါက်တာအရှင်ဉာဏိဿရက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အလှူရှင် ဦးဂျန္နကီး-ဒေါ်သိန်းရင် မိသားစု ရှမ်းမလေး ကုန်မျိုးစုံစတိုး ဘုရားကြီးလမ်း ပေါင်းတည် ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးမျိုးမြင့်စံ-ဒေါ်ခင်မိုးဝေ မိသားစု အမှတ် ၁၃ ကင်မွန်းခြံလမ်း၊ ရွှေတောင် ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးသန်းလွင်-ဒေါ်ခင်သိန်း မိသားစု အမှတ်၆၅ ရွှေလှိုင်လမ်း ကြည့်မြင်တိုင် ငွေကျပ်၅၀၀၀၀၀၊အလှူရှင် ဒေါက်တာမြတ်သူ-ဒေါက်တာခင်ချိုဦး မိသားစု အာရုတော်ဝင်အထူးကုဆေးခန်း ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးအောင်မြင့်-ဒေါ်ဖြူသီ မိသားစု (ဦးအောင်မြင့် လူပုံတော်ပတ္တမြား)ငွေကျပ်၅၀၀၀၀၀၊ အလှူရှင် ဦးနိုင်ဦး-ဒေါ်အေးသိန်း မိသားစု(မိဘရိပ် သစ်စက်) ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးစန်းအောင်-ဒေါ်မြကြာဖြူ(USA ဓာတ်ပုံလုပ်ငန်း) ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးခင်မောင်ဝင်း-ဒေါ်ဇင်မင်းလှိုင်၊ သမီးပွင့်အိဖြူ မိသားစု သဃ်န်းကျွန်း ငွေကျပ်၅၀၀၀၀၀၊အလှူရှင် ဦးတင်ဝင်း-ဒေါ်ဖြူဖြူဝင်း၊ သား သီဟတင်ဝင်း (ကိုတင်ဝင်း တာယာလုပ်ငန်း)ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးစိန်လှဝင်း-ဒေါ်ဖြူဖြူခင် မိသားစု ရန်ကင်း ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးမောင်မောင်အေး-ဒေါ်စန်းစန်းမြင့် မိသားစု သုဝဏ္ဏ ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးတင်အေး-ဒေါ်သန်းသန်းအေး မိသားစု သဃ်န်းကျွန်း ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးဟန်-ဒေါ်မြရင်၊ ဒေါ်ခင်နု မိသားစု ရန်ကုန် ငွေကျပ် ၂၀၀၀၀၀၊ အလှူရှင် ဦးထွန်းဖေ-ဒေါ်ယဉ်ယဉ် သား ဦးသိန်းထွန်းဖေ (Myanmar Compu Mart) ငွေကျပ် ၂၀၀၀၀၀၊ အလှူရှင် ဦးမြင့်လွင် မိသားစု (ညွှန့်ပုံနှိပ်တိုက် လုပ်ငန်း) ရန်ကုန် ငွေကျပ် ၁၀၀၀၀၀၊ အလှူရှင် ဆရာငြိမ်း-ဒေါ်နိုင်နိုင်အေး မိသားစု (ဆရာငြိမ်းဝပ်ရှော့) အလုံ ငွေကျပ် ၁၀၀၀၀၀၊ အလှူရှင် ဦးကျော်ရှိန်-ဒေါ်အေးအေး မိသားစု (မင်းသားလေးကဖေး) သုဝဏ္ဏ ငွေကျပ် ၅၀၀၀၀၊ အလှူရှင် ဦးရွှေနီ-ဒေါ်မြင့်မြင့် မိသားစု ရန်ကုန် ငွေကျပ် ၅၀၀၀၀၊ အလှူရှင် ဦးမြအောင်-ဒေါ်အေးအေးစိုး မိသားစု ငွေကျပ် ၅၀၀၀၀ တို့အား ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက ရေစက်ချတရား ချီးမြှင့်တော်မူသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆင်မြီးဆွဲတိုက်နယ်ဆေးရုံ

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆင်မြီးဆွဲမြို့ တိုက်နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ တိုက်နယ်ဆရာဝန် ဒေါက်တာတင်ဝင်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံပြသပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က တိုက်နယ်ဆေးရုံအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သဲကုန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာဇော်ဝင်းနှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆေးသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆေးရုံအုပ်ဒေါက်တာဇော်ဝင်းက မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လူနာခန်းများ၊ ခွဲစိတ်ခန်း၊ ခံတွင်းနှင့် သွားဌာနနှင့် ဓာတ်မှန်ဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သဲကုန်းမြို့နယ်ခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းက သဲကုန်းမြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊လူဦးရေ၊

စာမျက်နှာ ၁၁ ကော်လံ ၁

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မေ၂၉ ရက်က ဆင်မြီးဆွဲမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက် ကြစဉ်။ (သတင်းစဉ်)

31-5 (09).p65 1 03/27/1905, 1:41 PM

မွေ့ရာရုံတည်ဆောက်ရေး ဒုတိယအကြိမ်ငွေလှူ

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းမှော်ဘီမြို့နယ် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၁၉)တွင် မေ ၁၈ ရက်က ရန်ကုန်မြို့ မြောက်ဥက္ကလာပ သမင်ရေကျော်ကျောင်းတိုက် ကမ္မဋ္ဌာနာစရိယ (မိုးကုတ်အဖွဲ့ချုပ် ဓမ္မကထိက) ဆရာတော် အရှင်ဉာဏောဘာသ (သာသနဓဇ ဓမ္မာစရိယ) ၏ တပည့် ကမ္ဘာ့ဗုဒ္ဓသာသနာပြု နယ်လှည့် ဓမ္မကထိက အရှင်ကောလိတ အရှင်သူမြတ်က ဓမ္မရိပ်သာမွေ့ရုံကြီး တည်ဆောက်ရေး ဒုတိယအကြိမ် ရေစက်ချ အနုမောဒနာတရားဟောကြားကြောင်း သိရသည်။ မွေ့ရုံကြီးတည်ဆောက်ရေးအတွက် ဒုတိယအကြိမ် လှူဒါန်းငွေ စုစုပေါင်းမှာ ၉၃၄၂၆၇၅ ကျပ်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သားငါးပွံ့ပြိုး ပြည့်အကျိုး

ပင်လယ်သမုဒ္ဒရာတို့၏ အရိပ်

လူတို့၏ ခွဲ၊ လုံ့လနှင့် သက်စွန့်ကြိုးပမ်း အားထုတ်ခဲ့မှုကြောင့် ခရစ်မပေါ်မီ (၆၀၀-ဘီစီ)မှ အေဒီ (၁၆)ရာစုအတွင်း ပင်လယ်သမုဒ္ဒရာများကို တစ်ခုပြီးတစ်ခု ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ပင်လယ်ရေကြောင်းလမ်းများလည်း ပွင့်လင်းလာခဲ့သည်။ အဏ္ဏဝါဗေဒ (Oceanography)၊ အဏ္ဏဝါသိပ္ပံ (Ocean Science)နှင့် အဏ္ဏဝါဇီဝဗေဒ (Marine Biology)ပညာရပ်များ ပေါ်ထွန်းလာပြီး ပင်လယ်သမုဒ္ဒရာများ၏ အခန်းကဏ္ဍမှလည်း ရှေ့တန်းသို့ ရောက်ရှိလာခဲ့သည်ဟု ဆိုနိုင်သည်။

ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ ယူနက်စကို (UNESCO)အဖွဲ့ကြီးအောက်တွင် အပြည်ပြည်ဆိုင်ရာ သိပ္ပံပညာကောင်စီ ပေါ်ပေါက်ခဲ့ပြီး အဏ္ဏဝါဗေဒနှင့် အဏ္ဏဝါသုတေသနဆိုင်ရာ အဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင် ပြဿနာဆိုင်ရာ အဖွဲ့အစည်းများလည်း ဆက်လက်ပေါ်ပေါက်ခဲ့သည်။ ပင်လယ်သမုဒ္ဒရာဆိုင်ရာ သုတေသီပညာရှင်များ၏ နှီးနှော ဖလှယ်ပွဲများကိုလည်း ဆယ်နှစ် တစ်ကြိမ်ခန့် ပြုလုပ်ခဲ့ရာ ၁၉၉၉ခုနှစ်က ဂျာမနီနိုင်ငံ ပို့စ်ဒမ်မြို့တွင် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံအသီးသီးက ပင်လယ်သမုဒ္ဒရာများအပေါ် ကျရောက်မည့် ဆိုးကျိုးများ လျော့ချသွားကြဖို့နှင့် ပင်လယ်သမုဒ္ဒရာတို့၏ အားသာချက်များကို လူသားတို့ အကျိုးစီးပွားအတွက် လျော်ကန်သင့်မြတ်သော နည်းလမ်းများဖြင့် အသုံးချသွားကြဖို့ တိုက်တွန်းခဲ့သည်။

ဤတွင် ပင်လယ်သမုဒ္ဒရာများ၏ မူလဇာစ်မြစ်ကို ဦးစွာလေ့လာကြည့်ရာ ၁၉၈၈ခုနှစ်က ထုတ်ဝေခဲ့သော ဗြိတိသျှလူမျိုး ရူပဗေဒပညာရှင် စတီဖင်ဟော့ကင်း၏ 'အချိန်၏သမိုင်းအကျဉ်း (A Brief History of Time)' စာအုပ်သည် ခေတ်မီလျက်ရှိကြောင်း တွေ့ရသည်။ ယင်းပညာရှင်၏ အဆိုအရ လွန်ခဲ့သော နှစ်သန်းပေါင်းတစ်သောင်းခန့်က ပေါက်ကွဲမှုစတင်ခဲ့သော လက်ရှိစကြဝဠာသည် နေ၊ လ၊ ကမ္ဘာနှင့်ကြယ်များ၊ ဂြိုဟ်များအဆင့်ဆင့် ဖြစ်တည်မှုတွင် ချောမွေ့သည့် သဘောသဘာဝကို ဆောင်ယူခဲ့ကြောင်း၊ မြေကမ္ဘာဖြစ်တည်စက အလွန်ပူပြင်းကြောင်း၊ လေထုလည်း မရှိသေးကြောင်း၊ တဖြည်းဖြည်း အေးမြသည့်အဆင့်တွင် ကမ္ဘာ့ကျောက်တောင်များက ဓာတ်ငွေ့ ထုတ်လွှတ်ရာမှ လေထုပေါ်ခဲ့ကြောင်း၊ ယင်းလေထုတွင် အောက်ဆီဂျင် မပါသေးဘဲ ဟိုက်ဒရိုဂျင်ဆာလ်ဖိုက်ဒ် (Hydrogen Sulphide)ဓာတ်ငွေ့များ ပါဝင်ခဲ့ကြောင်း၊ ယင်းဓာတ်ငွေ့ဖြင့် အသက်ရှင်နိုင်သည့် သတ္တဝါမျိုးများလည်း ပေါ်ခဲ့ကြောင်း၊ ယင်းသတ္တဝါများက အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးရာမှ ကမ္ဘာ့လေထုအတွင်း ရေခိုးရေငွေ့ဖြစ်ပေါ်ပြီး မိုးရွာသွန်းမှုများ ရှိလာခဲ့ကြောင်း၊ ယင်းနောက်ပိုင်းတွင် ဇီဝဗေဒအခြေခံဆင့်ကဲဖြစ်စဉ် (Biological Evolution)၊ ကိုယ်တိုင်မျိုးပွားနိုင်သော ဇီဝရုပ် (Self-replicating Organisms) ဖြစ်စဉ်နှင့် အသိဉာဏ်အသုံးချမှု အခြေခံ (Anthropic Principle)ဖြစ်စဉ်များ အဆင့်ဆင့်တိုးတက်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ငါးများ၊ တွားသွားသတ္တဝါများ၊ နို့တိုက်သတ္တဝါများ စတင်ရာသည်လည်းကောင်း၊ ရာသီဥတုနှင့် မိုးလေဝသကို စီရင်ဖန်တီးရာတွင်လည်းကောင်း ရှေးဦး ပင်လယ်သမုဒ္ဒရာတို့သည် အခြေခံအကျဆုံးအခန်းက ပါဝင်ခဲ့သည်ဟု ဆိုရမည်။

လူတို့သည် အသိအတတ်ပညာ မြင့်မားလာသည်နှင့်အမျှ မျက်မှောက်ခေတ် ပင်လယ်သမုဒ္ဒရာများ၏ အားသာချက်များကို ဖော်ထုတ်အသုံးချနိုင်ခဲ့သည်မှာ အံ့မခန်းဖြစ်သည်။ ဥပမာအားဖြင့် ပင်လယ်ခရီးသွားနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်း၊ သဘာဝဓာတ်ငွေ့မှ မြေဩဇာထုတ်ယူသည့်လုပ်ငန်း၊ ဒီရေလှိုင်းနှင့် လေပြင်းရပာတ်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်လုပ်ငန်း၊ လူနှင့်တိရစ္ဆာန်များအတွက် ငါးရိက္ခာနှင့် ဆားရိက္ခာထုတ်လုပ်သည့်လုပ်ငန်း၊ ပင်လယ်ရေတိမ်ပိုင်းရှိ ကျောက်နှင့် သဲများကို ကုန်းတွင်းအဆောက်အအုံများအတွက် ထုတ်ယူသည့် လုပ်ငန်း စသည်တို့ဖြစ်သည်။

ခေတ်အဆက်ဆက် သုတေသနပြုချက်များကို အခြေခံ၍ ယခုအခါ ပင်လယ်သမုဒ္ဒရာများကို ထူးထူးခြားခြားအသုံးချတော့မည့် ကိစ္စများမှာ ပို၍ အံ့မခန်းစရာ ဖြစ်နေသည်။ ဥပမာအားဖြင့် အိုတက်(OTEC)ဟု ခေါ်သည့် စီမံကိန်းဖြစ်သည်။ (Ocean Thermal Energy Conversion)ဟူသော အခေါ်အဝေါ်ကို အတိုကောက်ပြုထားခြင်း ဖြစ်သည်။ ဆိုလိုရင်းမှာ ပင်လယ်ပြင်၏ အပေါ်လွှာရေပူနှင့် အောက်လွှာရေအေးတို့၏ အပူချိန်ခြားနားချက်၊ ကုန်းပေါ်နှင့်ရေအောက် လေဖိအားခြားနားချက်တို့ကို အသုံးချ၍ လျှပ်စစ်ဓာတ်အားထုတ်ယူမည့် စီမံကိန်းဖြစ်သည်။ အီကွေတာ၏ တောင်ဘက် မြောက်ဘက် လတ္တီကျူ ၁၀ ဒီဂရီအတွင်း ပင်လယ်ပြင်အပေါ်လွှာ ရေထုအပူချိန်သည် ၂၅ မှ ၃၀ ဒီဂရီစင်တီဂရိတ်အထိရှိပြီး ရေအနက် ၅၀၀ မှ ၁၀၀၀ မီတာအတွင်း ရေလွှာသည် ၄ မှ ၇ ဒီဂရီစင်တီဂရိတ်အတွင်းရှိကြောင်း၊ ယင်း အခြေအနေတွင် လေဟာနယ်ပန့်(Vacuum Pump)၊ ရေပူပန့်(Warm Water Pump)၊ စွမ်းအင်ထုတ်ပင်မယာဉ်(Flash Vessel)အကူအညီဖြင့် ရေဆူမှတ် အနိမ့်တွင် ရေပူကိုရေငွေ့ဖြစ်အောင် ဖန်တီး၍ လျှပ်စစ်တာဘိုင်အင်ဂျင်ကိုလည်ပတ်စေမည်ဖြစ်ကြောင်း၊ တာဘိုင်အင်ဂျင်မှ ပြန်ထွက်လာမည့် လေဖိအားနည်းရေငွေ့များကို ကွန်ဒင်ဆာ (Condenser)၊ ရေအေးပန့် (Cool Water Pump) အကူအညီများဖြင့် ရေချိုထုတ်ခြင်းကိုလည်း လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဤနည်းဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့စသော ရုပ်ကြွင်းလောင်စာ (Fossil Fuel) အပေါ်မှီခိုရမှုမှ သက်သာမည်ဖြစ်ကြောင်း၊ ပိုလျှံသည့် လျှပ်စစ်စွမ်းအင်ဖြင့် ဟိုက်ဒရိုဂျင်လောင်စာကိုလည်း ထုတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ယင်းပင်လယ်ပြင်စွမ်းအင်ထုတ်စက်ရုံများ၏ ရေသွင်းရေထုတ်စွမ်းအားကြောင့် ပင်လယ်အောက်ရှိ အာဟာရဓာတ်ပစ္စည်းများကို ရေပေါ်လွှာဆီသို့ တွန်းတင်ပေးခြင်း(Artificial Upwelling) ဖြင့် ရေပေါ်လွှာငါးများအတွက် ပိုမိုကောင်းမွန်သောဂေဟပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်မည့်အပြင် လျှပ်စစ်ဓာတ်၊ ဩဇာဓာတ်၊ ရေချိုဓာတ်များနှင့်အတူ ပင်လယ်ပြင် စိုက်ပျိုးမွေးမြူရေးကို တစ်ခေတ်ဆန်းသစ် နိုင်မည်ဟုဆိုသည်။ ယင်းစီမံကိန်းကို ပင်လယ်ပြင်တော်လှန်ရေး (Blue Revolution)ဟု ကင်ပွန်းတပ်ကြသည်။ စတင်စမ်းသပ်ထုတ်လုပ်မှုများကို ဂျပန်နှင့်အမေရိကတွင် ဆောင်ရွက်နေကြောင်း သိရသည်။

အောင်စည်ဟိန်း

ရုပ်ကြွင်းလောင်စာနေရာတွင် အစားထိုးနိုင်မည့် နောက်တစ်မျိုးမှာ ဟိုက်ဒရိုတ်ဓာတ်ငွေ့တုံး(Gas Hydrates)ဖြစ်သည်။ ကမ်းလွန်ရေအနက် မီတာ ၄၅၀ ခန့် ပင်လယ်ကြမ်းပြင်တစ်ဝိုက်၌ တွေ့ရသည်ဟုဆိုသည်။ မီသိန်းဓာတ်ငွေ့ပါသော ရေခဲတုံးများဟု သိရသည်။ ထုတ်ယူမှုကုန်ကျစရိတ်နှင့် အခြားကွင်းဆက် ပြဿနာများကိုလည်း စဉ်းစားရန်လိုကြောင်းနှင့် ယခုအခါ အမေရိက၊ ဥရောပ၊ ကနေဒါ၊ ဂျပန်နှင့်အိန္ဒိယတို့က စမ်းသပ်သုတေသန ပြုလုပ်လျက်ရှိကြောင်း တွေ့ရသည်။

ပင်လယ်ကြမ်းပြင်ကို နောက်တစ်မျိုးအသုံးချမှုမှာ ရေအောက်ကေဘယ်လိုင်းဆက်သွယ်ရေး ကွန်ရက်(Submarine Fiberoptic Cable Network) ဖြစ်ပါသည်။ အာရှ၊ ဥရောပနှင့် အမေရိကတိုက်များရှိ အဓိကနိုင်ငံများကို ဆက်သွယ်ထားသည့် ပင်လယ်ကြမ်းခင်းအောက် အထူးကေဘယ်ကြိုးမှ တစ်ဆင့် ရေဒီယို၊ ရုပ်မြင်သံကြား၊ ကြေးနန်းနှင့် တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းများ ထူထောင်နိုင်ခြင်းဖြစ်သည်။ ယင်း စီမံကိန်းကြောင့် လက်ရှိကုန်းပိုင်း ဆက်သွယ်ရေး ထူထောင်ထားမှု စွမ်းပကားထက် ၂၅ ဆမျှ ပိုမိုစွမ်းဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ရေအောက် ဓာတ်အားလိုင်း (Submarine Power Cable) ထူထောင်၍ ကမ္ဘာ့ကုန်းပိုင်းဒေသကြီးတစ်ခုနှင့် တစ်ခု၊ ကျွန်းနိုင်ငံတစ်ခုနှင့် တစ်ခုတို့သို့ လျှပ်စစ်ဓာတ်အား အရောင်းအဝယ် ပြုနိုင်တော့မည်ဖြစ်သည်။

နောက်ထပ်ကြိုးပမ်းမှုတစ်ရပ်မှာ ဓာတ်မြေဩဇာကို ပင်လယ်အောက်မှ ထုတ်ယူမည့်ကိစ္စ ဖြစ်သည်။ ကုန်းတွင်းပိုင်း ဓာတ်မြေဩဇာထုတ်လုပ်မှုသည် ကြာလာသည်နှင့်အမျှ ကုန်ကြမ်းရှားပါးပါး ပြဿနာရှိလာနိုင်သဖြင့် ကမ်းလွန်ပင်လယ်ပြင်တွင် ဖော့စ်ဖိတ် တူးဖော်ခြင်း (Subsea Phosphorite Mining) ပြုလုပ်၍ သဘာဝမဟုတ်သော လူလုပ်မြေဩဇာ (Artificial Fertilizer ထုတ်ရန်လိုမည်ဟုဆိုသည်။ ယင်းလုပ်ငန်းကြောင့် ရေပေါ်လွှာ အပင်မျော လေ့များ ထူထပ်စွာပေါက်ပွားပြီး အောက်ဆီဂျင် လျော့နည်းနိုင်မှုနှင့် အဆိပ်အတောက် ဖြစ်ပေါ်နိုင်မှုရှိသဖြင့် ယင်းပြဿနာများကို ကြိုတင်စဉ်းစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ပင်လယ်သမုဒ္ဒရာများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာအချို့ကိုလည်း တင်ပြလိုသေးသည်။ ပင်လယ်ကမ်းခြေမှ ရေအနက်မီတာ ၂၀၀ အထိကို ကမ်းဦးရေတိမ်ပိုင်း(Continental Shelf) ဟုခေါ်ပြီး ကမ်းရိုးတန်းဇုန်အဖြစ် သတ်မှတ်ထားသည်။ ကမ်းခြေမှကုန်းတွင်းဘက် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၂၀၀ အမြင့်အထိ ပါဝင်သော ကုန်းပိုင်းကို ကမ်းရိုးတန်းဇုန်၏ အပြင်နယ်နိမိတ်အဖြစ် သတ်မှတ်သည်။ ရေသတ္တဝါအားလုံး၏ ၉၈ ရာခိုင်နှုန်းသည် အစာအာဟာရ ပေါ်ကြွယ်သည့် ကမ်းဦးရေတိမ်ပိုင်းတွင် ကျက်စားကြပြီး ကမ်းရိုးတန်းအပြင်နယ်နိမိတ်တွင် ကမ္ဘာ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းနေထိုင်ကာ မြို့ပြများ၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့် ပို့ဆောင်ရေးလုပ်ငန်းများ ထူထပ်သိပ်သည်းစွာ လုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် ကမ်းရိုးတန်းအပြင်နယ်နိမိတ်မှ အညစ်အကြေးနှင့်ပိုးမွှားများကို စနစ်တကျသန့်စင်မှုမပြုနိုင်လျှင် ကမ်းဦး ရေတိမ်ပိုင်း၏ဂေဟစနစ်ပျက်ယွင်းလာနိုင်ကြောင်း၊ ထို့အပြင် ကမ်းလွန်ရေနံတူးစင်ထောင်ပေါင်းများစွာသည်လည်း ကမ်းဦးရေတိမ်ပိုင်းတွင် ရှိကြသဖြင့် ပတ်ဝန်းကျင်မညစ်ညမ်းရေးနှင့် ရေနံတူးစင်အဟောင်းများကို ပြုပြင်၍ သန္တာကျောက်တန်း အသွင်ပြောင်းလဲမှု (Rigs to Reefs) ပြုလုပ်သွားသင့်ကြောင်း အကြံပြုချက်များလည်း ပေါ်ထွက်ခဲ့သည်။

ပင်လယ်ရေကြောင်းသွားလာမှုဆိုင်ရာ ပြဿနာအချို့ကိုလည်း ယခုလို တွေ့ရသည်။ ကမ္ဘာ့ကုန်စည်ပို့ဆောင်မှု၏ ၉၀ ရာခိုင်နှုန်းသည် ပင်လယ်ရေကြောင်းကို အသုံးပြုကြောင်း၊ ကုန်တင်သင်္ဘောကြီးအရေအတွက်မှာ ၈၅၈၂၈ စင်းအထိ များပြားလာပြီး ကုန်ချိန်အပါအဝင် စုစုပေါင်းအလေးချိန်သည် မက်ထရစ်တန် ၅၃၂ သန်းခန့်ရှိနေကြောင်း၊ ယင်းစာရင်းထဲတွင် စစ်ရေယာဉ်များနှင့်တန်ချိန်တစ်ရာနှင့်အောက် ရေယာဉ်ငယ်များမပါဝင်ကြောင်း၊ မတော်တဆနှင့်သဘာဝဘေးဒဏ်ကြောင့် နှစ်စဉ် ပင်လယ်ပြင် နစ်မြုပ်ဆုံးရှုံးမှုမှာ ပျမ်းမျှကုန်တန်ချိန် ကိုးသိန်းခန့် ရှိနေကြောင်း၊ ဆိပ်ကမ်းကြီးများတွင် ရွှံ့နွံနှင့် နုန်းများကြောင့် ရေတိမ်ကောခြင်း၊ သင်္ဘောသောင်တင်ခြင်း၊ သင်္ဘောချင်းတိုက်မိခြင်း ဖြစ်စဉ်များ မကြာခဏပေါ်ပေါက်နေကြောင်း သိရသည်။ ထို့ကြောင့် ဆိပ်ကမ်းများ ကြပ်ခိုင်ရေးနှင့် ပင်လယ်ပြင်ဆိုင်ရာ ဆိုးကျိုးများ လျော့ချရေးကို နိုင်ငံတိုင်း ကြိုးစားကြရန် ထောက်ပြထားသည်။

အဆိုးဆုံးပြဿနာမှာ အဏုမြူဓာတ်အားထုတ်စက်ရုံများမှ စွန့်ပစ်ပစ္စည်း(Radioactive Waste)အန္တရာယ်နှင့် သမုဒ္ဒရာထဲတွင် အဏုမြူ လက်နက် စမ်းသပ်မှုအန္တရာယ်များပင်ဖြစ်သည်။ တစ်နှစ်လျှင် အဏုမြူဓာတ်အား တစ်မဂ္ဂါဝပ်ထုတ်တိုင်း ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်း ၃၆၅ ဂရမ်နှုန်း ထွက်ရှိကြောင်း၊ ယင်းထွက်နှုန်းသည် ပင်လယ်ထဲရှိ ဓာတုပစ္စည်းများ သဘာဝအလျောက် ရေဒီယိုသတ္တိကြွမှုထက် ၆၀ ရာခိုင်နှုန်း မြင့်မားကြောင်း၊ ထို့ကြောင့် သမုဒ္ဒရာ၏ သဘာဝပတ်ဝန်းကျင်ကို အထိနာစေသည့် အဏုမြူကိစ္စအား အလေးထားရန် လိုအပ်လာပြီဖြစ်ကြောင်း ပညာရှင်များက သတိပေးထားသည်။

ပင်လယ်သမုဒ္ဒရာ ရေထုပမာဏသည် ကုဗကီလိုမီတာသန်းပေါင်း ၁၃၇၀ မျှရှိပြီး မြေထုထက် ဆယ်ဆမျှကြီးမားသည်။ ဆိုဒီယမ်၊ ကလိုရင်း၊ မဂ္ဂနီစီယမ်၊ ကယ်လ်စီယမ်၊ ယူရေနီယမ်၊ ကက်ဒ်မီယမ်၊ ခရိုမီယမ်၊ နစ်ကယ်၊ သံ၊ သွပ်၊ ကြေးနီ၊ ရွှေ၊ ငွေ၊ ခဲစသည့် သဘာဝသတ္တုဒြပ်စင် ၄၄ မျိုးခန့်ကို ပင်လယ်သမုဒ္ဒရာ၏ အဖိုးတန် သတ္တုသိုက်များအဖြစ် စောင့်ရှောက်သွားရန်နှင့် ကုန်းပိုင်းသယံဇာတ ခက်ခဲရှားပါးချိန်တွင် စနစ်တကျ ထုတ်ယူသုံးစွဲသွားရန်လည်း အကြံပြုတင်ပြထားသည်။

အချုပ်အားဖြင့် ဩကာသလောကနှင့် သတ္တလောကတို့အတွက် ပင်လယ်သမုဒ္ဒရာတို့၏ ကျေးဇူးအရိပ်သည် ကြီးမားလှသည်။ ပင်လယ်သမုဒ္ဒရာတို့၏ သဘောသဘာဝ၊ အားနည်းအားသာချက်နှင့် အသုံးဝင်ပုံများကို သိရှိပြီး အနာဂတ် လူသားမျိုးဆက်အတွက် ဆိုးမွေကို အနည်းဆုံးဖြစ်အောင်ဆင်ခြင်၍ ကောင်းမွေကို အများဆုံးပေးနိုင်ဖို့ အရေးသည် ပစ္စုပ္ပန်လူသားတို့၏ တာဝန်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ ဆန်စက်ငယ်များ ထုတ်လုပ်နေမှုကြည့်ရှု ပြည်တွင်းဖြစ် စက်ကိရိယာများ တပ်ဆင်အသုံးပြုနိုင်ရေး တီထွင်ကြံဆ

ရန်ကုန် မေ ၃၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်တို့ လိုက်ပါ၍ ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် စက်ဆန်းရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး အင်ဂျင်နီယာချုပ်ရုံးခန်းမသို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ အင်ဂျင်နီယာချုပ် ဦးနီပေါက မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးအင်ဂျင်နီယာဌာနခွဲ၏ ဆန်စက်ငယ်များ တီထွင်ထုတ်လုပ်နေမှုနှင့် ၂၄နာရီ ၁၀တန်ကျ ဆန်စက်ကို ရှင်းလင်းပြသပြီး တီထွင်ထားသော စက်အစိတ်အပိုင်းများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ဆန်စက်ငယ်များတီထွင် ထုတ်လုပ်ရာတွင် စက်အရွယ်အစားမှာ သေးငယ်ရမည်ဖြစ်ပြီး စက်အတွင်း တပ်ဆင်ထားသည့် စက်အစိတ်အပိုင်းများ ရှင်းလင်းလွယ်ကူပြီး ကြာရှည်အသုံးခံရမည်ဖြစ်ကြောင်း၊ ပြည်တွင်း ဖြစ် စက်ကိရိယာများဖြင့်တပ်ဆင်အသုံး ပြုနိုင်ရေး၊ ထွက်ရှိလာသော ဆန်အရည်အသွေး ကောင်းမွန်ရေးတို့ကို တီထွင်ကြံဆထုတ်လုပ်ရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောင်ရွက်

တပ်ကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နောင်သနီကျေးရွာရှိ နဝင်းချောင်းဖြတ်ကျော် တည်ဆောက်ထားသော အရှည်ပေ ၁၆၅ ပေရှိ နောင်သနီတံတားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို မေ ၁၀ ရက်က ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(၂၆၆)

စာမျက်နှာ ၉ မှ

မြေအသုံးချမှု၊ မိုးစပါး၊ နွေစပါးနှင့် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးမှု၊ မိုးစပါး တိုးချဲ့စိုက်ပျိုးရန် စီစဉ်ထားမှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အဆင့်တာဝန်ရှိသူများက သစ်တောလုပ်ငန်း၊ မြို့စည်ပင်သာယာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ဒေသဖွံ့ဖြိုးရေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ သစ်တောကြိုးဝိုင်းပြုစုပျိုးထောင်ရေး၊ လမ်းများပြုပြင်ထိန်းသိမ်းရေး၊ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့မိမိနှင့်အဖွဲ့ ဆင်မြီးဆွဲမြို့ အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာဖွင့်ပွဲသို့ တက်ရောက်ခဲ့ပြီး သဲကုန်းမြို့နယ်၏ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း။

မိမိ ယခင်ဧပြီလက ပြည်မြို့သို့ လာရောက်ခဲ့သည့်ခရီးစဉ်တွင် သဲကုန်းမြို့နယ်၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများကို အထောက်အကူဖြစ်စေမည့် ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ပံ့ပိုးပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခု ခရီးစဉ်တွင်လည်း ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို စိစစ်ပြီး ထပ်မံဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေး၊ မြို့နယ်တစ်ခုဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိကဖြစ်သည်နှင့်အညီ နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ငွေကြေး များစွာ သုံးစွဲလျက်ရှိနေကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်ကလည်း မိမိတို့မြို့နယ်ဒေသများ တိုးတက်သည်ထက်တိုးတက်လာအောင် ရေရှည်မျှော်မှန်းတွေးတော ကြံဆပြီး စေတနာထားကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြို့နယ်တစ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာလည်း ယင်းမြို့နယ်ကို ကျောထောက်နောက်ခံ ပြုပေးထားသည့် ကျေးလက်ဒေသများပါ ဖွံ့ဖြိုးတိုးတက်လာရမှာဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ချမှတ်ပြီး တွန်းတွန်းတိုက်တိုက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဖိဖိစီးစီးဆောင်ရွက်

ထို့ကြောင့် မြို့နယ်တာဝန်ခံများ အနေဖြင့် ကျေးလက်ဒေသအရောက်သွားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ဖြစ်ထွန်းရေးနှင့် ကျေးလက်နေပြည်သူများ လူနေမှုဘဝ မြင့်မားရေးတို့အတွက် ဆောင်ရွက်ပေးဖွယ်ရာများကို မပြတ်လေ့လာပြီး ဖိဖိစီးစီးဆောင်ရွက်ပေးသွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သဲကုန်း၊ ပုတီးကုန်း၊ အင်းမ၊ ဝက်ပုတ်အခြေခံပညာအထက်တန်းကျောင်းများအတွက် ကွန်ပျူတာနှင့် ရုပ်မြင်သံကြားစက်တစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများကိုယ်စား မြို့နယ်ပညာရေးမှူးအား ပေးအပ်သည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သဲကုန်းမြို့ မြသိန်းတန်စေတီတော်သို့ သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သဲကုန်း-ပုတီးကုန်း- ဝက်ပုတ်လမ်းအပိုင်း၏အခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အင်းမတိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ပြည်လမ်းမကြီး အနောက်ဘက် ရွှေတောင်မြို့နယ် နွားမယံအုပ်စု ဖိုးသိန်းတန် သာသနာ့နယ်မြေရှိ ရှေးဟောင်းသမိုင်းဝင် သိမ်တော်ကြီးသို့ ရောက်ရှိကြပြီး ရှေးဦးစွာ ရွှေနတ်တောင်မဲ့ရှင်ကျောင်း ဆရာတော် ဘဒ္ဒန္တ ခေမာစာရအား ပူဇော်ကန်တော့ကြသည်။

ထို့နောက် ရွှေနတ်တောင် မဲ့ရှင်ကျောင်း ဆရာတော် ဘဒ္ဒန္တ ခေမာစာရက ရှေးဟောင်းသမိုင်းဝင် သိမ်တော်ကြီး၏ နောက်ခံသမိုင်းနှင့် သိမ်တော်ကြီး ဘက်စုံ ပြုပြင်မွမ်းမံခြင်းနှင့် ပတ်သက်၍ ဩဝါဒ မိန့်ကြားတော်မူသည်။

ရှင်းလင်းလျှောက်ထား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း သုတေသနဦးစီးဌာနနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ သိမ်တော်ကြီးကို ရှေးမူလက်ရာမပျက် ပြုပြင် မွမ်းမံသွားမည်ဖြစ်ကြောင်း ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ရှေးဟောင်းသုတေသနဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ရှေးဟောင်းသမိုင်းဝင် သိမ်တော်ကြီး အဆောက်အအုံ ဖွဲ့စည်းတည်ဆောက်ထားမှု၊ သိမ်တော်ကြီး၌ တွေ့မြင်ရသော ဗုဒ္ဓရုပ်ပွားတော်များ၊ ရှေးဟောင်း ယဉ်ကျေးမှု အနုပညာလက်ရာ ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှေးဟောင်း သိမ်တော်ကြီး ပရဝဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ၊ ရှေးဟောင်း ယဉ်ကျေးမှု အနုပညာလက်ရာပစ္စည်းများနှင့် သိမ်တော်ကြီး ဘက်စုံပြုပြင် မွမ်းမံနိုင်မည့် အခြေအနေများကို ကြည့်ရှုကြသည်။

ရှင်လိုဏ်ဂူစေတီ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေတောင်မြို့နယ် ဆင်မကြပ်ကျေးရွာအုပ်စု ရှေးဟောင်း သမိုင်းဝင် ဆုတောင်းပြည့် ရှင်လိုဏ်ဂူ စေတီတော်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရွှေတောင်ချည်မျှင်နှင့် အထည်အချောကိုင်စက်ရုံ စက်ရုံမှူး ဦးဇော်ဝင်းမောင်က ရှင်လိုဏ်ဂူ စေတီတော်၏ နောက်ခံသမိုင်း၊ ရှင်လိုဏ်ဂူစေတီတော်ပတ်ဝန်းကျင်၌ ရှေးဟောင်းစေတီတော်များ ရှာဖွေဖော်ထုတ်တွေ့ရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှင်လိုဏ်ဂူစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ရွှေတောင်မြို့နယ် ဆင်မကြပ်ကျေးရွာအုပ်စု ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရှင်လိုဏ်ဂူ စေတီတော် ပရဝဏ်အတွင်းရှိ သာသနိက အဆောက်အအုံများ ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို အဆိုပါ စေတီတော်အနီး ဓမ္မာရုံ၌ ကျင်းပသည်။

မင်္ဂလာအခမ်းအနားသို့ သီတဂူ ဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း အရှေ့ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း အရှေ့ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၊ တိုင်း၊ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြသည်။

မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်လိုဏ်ဂူစေတီတော် ထိန်းသိမ်းရေး အကျိုးတော်ဆောင်အဖွဲ့ကိုယ်စား ပဲခူးတိုင်းအရှေ့ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းက ရှင်လိုဏ်ဂူစေတီတော်ဓာတ်ပုံကို ပူဇော်ရန် ဂါရဝပြုလက်ဆောင်အဖြစ် ပေးအပ်သည်။

ဖတ်ကြားကြေညာ

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဦးစံသင်းလှိုင်က အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်း၊ဇနီး ဒေါ်ဝင်းမမ မိသားစုနှင့် ညီမများက ရှင်လိုဏ်ဂူ စေတီတော်နှင့် ရွှေပြည်ငြိမ်းအေး ဓမ္မရိပ်သာအတွက် မြေဧက ၂၅ ဒသမ ၅ ဧကအား သာသနာ့မြေအဖြစ် လှူဒါန်းခြင်း၊ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်၊ အလှူရှင်များက ရှင်လိုဏ်ဂူ ဆုတောင်းပြည့် စေတီဘက်စုံပြုပြင်မွမ်းမံရန် လှူဒါန်းငွေကျပ်သိန်း ၃၂၀ ဖြင့် ရှင်လိုဏ်ဂူစေတီတော်မြတ်ကြီးအား ဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ခဲ့ခြင်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးလှိုင်-ဒေါ်နီနီ မိသားစုက သီတဂူဆောင် အဆောက်အအုံကို ငွေကျပ်၂၅သိန်းဖြင့် လှူဒါန်းတည်ဆောက်ခဲ့ခြင်း၊ အောင်လံမြို့နေ ဦးတင်အောင်-(ဒေါ်တင်မီ) မိသားစုက အာရုံခံ တန်ဆောင်း အဆောက်အအုံကို ငွေကျပ် သိန်း၄၀ ဖြင့် လှူဒါန်း တည်ဆောက်ခဲ့ခြင်း၊ ရွှေတောင်မြို့နေ ဦးအောင်ကြည်-သုဓမ္မသီဂီဒေါ်ရင်ကြွေ မိသားစုက ရွှေပြည်ငြိမ်းအေး ဓမ္မရိပ်သာ ငွေရတနာပန်းတိုက်ကျောင်းကို ငွေကျပ် ၃၁၅ သိန်းဖြင့် လှူဒါန်းတည်ဆောက်ခဲ့ခြင်း၊ ရွှေတောင်မြို့နေ ဦးဇော်မင်း-ဒေါ်စန်းစန်းအေး မိသားစုက သိမ်အဆောက်အအုံကို ငွေကျပ် ၂၄ သိန်းဖြင့် လှူဒါန်းတည်ဆောက်ခဲ့ခြင်းများ အပြင် ရန်ကုန်မြို့နေ ယောဂီမယ်တော်ကြီး ဒေါ်အိမ်ပြည့် အမှူးထား၍ သားသမီး မြေးမြစ်တစ်စုတို့က လက်ရှိ ရှင်လိုဏ်ဂူ ဆုတောင်းပြည့်စေတီတော်၏ တောင်ဘက်၌ တည်ရှိသော ရှေးဟောင်းစေတီတစ်ဆူအား ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း အနုမောဒနာပြုနိုင်ရန် ဖတ်ကြားကြေညာသည်။

ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက အနုမောဒနာ တရား ဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြည်မြို့ ရတနာမာရ်အောင်တောရသို့ သွားရောက်၍ ရွှေဗိုင်းနားဆရာတော် အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိဇ္ဇာဗလအား ပူဇော်ကန်တော့ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၉ ရက်က ပြည်မြို့ ရတနာမာရ်အောင်တောရ ရွှေဗိုင်းနားဆရာတော် အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇ္ဇာဗလအား ပူဇော်ကန်တော့ပြီး လှူဖွယ်သက်န်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သင်ဘာကို အလိုရှိပါသလဲ

ပင်လယ်နှင့်သမုဒ္ဒရာများ အပျက်လော၊ အကောင်းလော

WANTED! Seas and Oceans - Dead or Alive?



မေ ၂၉ ရက်က မြောက်ဥက္ကလာပ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးလှိုင်ဌေးက (၄)ရပ်ကွက်အတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူ ၃၄၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးထွေးမြင့်က လက်ခံရယူစဉ်။

(က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း သစ်ဈေးကွက်များလေ့လာပြီးပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၃၀

သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၃ ရက်မှ ၂၉ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သစ်ဈေးကွက်များ၊ ကုန်စည်ပြပွဲနှင့် ကြမ်းခင်းတုံးစက်ရုံများလေ့လာပြီး ယမန်နေ့ညနေပိုင်းတွင် ဗန်ကောက်မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိသည်။

ဒုတိယဝန်ကြီးခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကိုယ်စားလှယ်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များအားလှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃၀

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့သည် ကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီးတင်ရွှေ၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်စန်ဝင်း၊ ဦးခင်မောင်၊ ညွှန်ကြားရေးမှူးဦးတင်အောင်နှင့် ကော်မတီတွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။ **(အပေါ်ပုံ)**

သင်တန်းကျောင်းစစ်ဆေး

ဆက်လက်၍ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များသည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ်(၃၆) ရပ်ကွက်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖွင့်လှစ်လျက်ရှိသည့် သီရိမြိုင်ယာဉ်မောင်းသင်တန်းကျောင်းသို့ရောက်ရှိရာ သင်တန်းမှူး ဒုတိယရဲမှူးအောင်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က သင်တန်းကျောင်း၌ သင်ကြားပို့ချလျက်ရှိသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစာတွေ့၊ လက်တွေ့သင်ကြားနေမှုများကို လိုက်လံရှင်းလင်းပြသရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ရှင်းလင်းမှာကြားသည်။ အဆိုပါ သင်တန်းတွင် မော်တော်ယာဉ်ကို စနစ်တကျကျွမ်းကျင်စွာ မောင်းနှင်တတ်စေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို နိုင်ငံတကာနည်းစနစ်များနှင့်အညီ သိရှိနားလည်စေရန် သင်ကြားပို့ချလျက်ရှိသည်။

စည်းကမ်းချိုးဖောက်မှုစစ်ဆေး

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိမရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ **(သတင်းစဉ်)**

လေကြောင်းရဲညွှန့်လောင်း (နမ့်စန်စခန်း) အခြေခံသင်တန်းဆင်း

ရန်ကုန် မေ ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့ ပူးပေါင်းဖွင့်လှစ်သည့် တပ်မတော်(လေ) လေကြောင်းရဲညွှန့်လောင်း (နမ့်စန်စခန်း) အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၀၆) သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ နယ်မြေခံလေတပ်စခန်းဌာနချုပ်မြေပြင်သင်တန်းခန်းမ၌ကျင်းပရာ နမ့်စန်တပ်နယ်မှ ဗိုလ်မှူးချုပ်သူရမြင့်သိန်းနှင့်တပ်မတော်အရာရှိကြီးများ၊ လွိုင်လင်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အစီအစဉ်အရ နမ့်စန်တပ်နယ်မှ ဗိုလ်မှူးချုပ်သူရမြင့်သိန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်း ထူးချွန်ဆု ရရှိကြသူများအား ဂုဏ်ပြုဆုနှင့် သင်တန်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာကေတမြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

ရန်ကုန် မေ ၃၀

၂၀၀၆-၂၀၀၇ ပညာသင်နှစ် အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)ကျောင်းနေအရွယ်ကလေးကျောင်းအပ်နှံရေးစီမံချက်ဝင် မြို့နယ်ဖြစ်သည့် သာကေတမြို့နယ် အထက(၁)မြဝတီခန်းမ၌ ယနေ့နံနက် ၉နာရီက မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပခဲ့ရာ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးဗဟိုဦးစီးကော်မတီဝင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်)မှ ဒုတိယညွှန်ကြားရေးမှူး(ပညာ)ဦးနုနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန်းစိန်၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးစေတနာရှင်များ၊ မြို့နယ်ပညာရေးမှူး အမှူးပြုသော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းနေအရွယ်ကလေးများနှင့် မိဘအုပ်ထိန်းသူများ စုံစုံညီညီတက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးဗဟိုဦးစီးကော်မတီဝင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအေးကြိုင်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အခြေခံပညာမူလတန်းကျောင်း ၄၅ ကျောင်းမှ ကျောင်းနေရန် အခက်အခဲရှိကြသည့် ကလေးများအား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် တာဝန်ရှိသူများက စာအုပ်စာရေးကိရိယာများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ယနေ့အလှူရှင်များမှလှူဒါန်းသည့် စာရေးကိရိယာနှင့်စာအုပ်များလှူဒါန်းငွေမှာ ကျပ် ၈၈၄၀၀၀ဖြစ်သည်။ ထို့နောက် လှူဒါန်းသူများကိုယ်စား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်တင်မြရည်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ **(၂၅၈)**

သဃ်န်းကျွန်းမြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ကျင်းပ

ရန်ကုန် မေ ၃၀

၂၀၀၆ -၂၀၀၇ ပညာသင်နှစ် အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်မြို့တော် ကျောင်းနေအရွယ်ကလေးကျောင်းအပ်နှံရေး စီမံချက်ဝင်မြို့နယ်ဖြစ်သည့် သဃ်န်းကျွန်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကိုယနေ့နံနက် ၉ နာရီက အထက(၁)ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ကျောင်းအပ်နှံရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စားအဖွဲ့ဝင်(၂) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစန်းဝေနှင့် မြို့နယ်ပညာရေးမှူးဦးတင့်လွင်တို့ အမှာစကားပြောကြားကြသည်။ ထို့နောက် အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်အတွင်းရှိ အလှူရှင်များက အလှူငွေများနှင့် ကျောင်းသုံး စာအုပ်၊ စာရေးကိရိယာများအား ပေးအပ်လှူဒါန်းကြရာ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်(၂)နှင့် မြို့နယ်ပညာရေးမှူးတို့က လက်ခံယူကြပြီးတာဝန်ရှိသူများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းနေရန် အခက်အခဲရှိသည့် ကျောင်းသူ ကျောင်းသားများအား ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများအား ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ) (၀၅၂)**

တော့ပ်ဆပ်ပြာ ကံစမ်းမဲဖွင့်

ရန်ကုန် မေ ၃၀

နိုင်ငံတကာအဆင့်မီ တော့ပ်ဆပ်ပြာမှုန့်၊ ဆပ်ပြာကရင်မ်နှင့် ကိုယ်တိုက်ဆပ်ပြာ ဝယ်ယူသုံးစွဲသူများ၏ ကံထူးရှင် ကံစမ်းမဲ ဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

တော့ပ်ဆပ်ပြာ ကံစမ်းမဲဖွင့်ပွဲသို့ ပထမ ထိပ်တန်းကုန်ထုတ်သမဝါယမအသင်းလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးညဏ်ဝေနှင့် ဝန်ထမ်းများ၊ သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ အရောင်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်

ရှေးဦးစွာ အခမ်းအနားအစီအစဉ်အရ ပထမထိပ်တန်း ကုန်ထုတ် သမဝါယမအသင်းလီမိတက် မန်နေဂျင်းဒါရိုက်ဦးညဏ်ဝေက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် တက်ရောက်လာကြသော ဧည့်သည်တော်များထဲမှ ပထမ၊ ဒုတိယနှင့် တတိယကံစမ်းမဲပေါက်သူ သုံးဦးတို့က ပထမဆုငွေကျပ်ဆယ်သိန်း အပါအဝင် ကံစမ်းမဲများကို မဲနှိုက်ရွေးချယ်ပေးကြပြီး အကျွေးအမွေးများ ဖြင့်ဧည့်ခံကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ **(မြန်မာ့အလင်း)**

မဟာသမယသုတ် တရားတော်ဟောကြားမည်

ရန်ကုန် မေ ၃၀

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ် (၄၄)ကြိမ်မြောက် မဟာသမယအခါတော်နေ့ကို ဇွန် ၂ ရက် နယုန်လပြည့်နေ့ (ဗုဒ္ဓဟူးနေ့) တွင် ကျင်းပ၍ မွန်းလွဲ ၁နာရီတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ(ကထိက၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်)က မဟာသမယသုတ်တော်ဆိုင်ရာ တရားတော်ကို ဟောကြားတော်မူမည်ဖြစ်၍ ကြွရောက်နာယူကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

သက်ငယ်တန်းကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၃၀

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပ၍ Loi Hein Co., Ltd. ALPINE သောက်ရေသန့်က အဓိကပံ့ပိုးသည့် ၂၀၀၄ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် တစ်ဦးချင်းဆုရရှိကြသူများအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ အမှုဆောင်များက ဆုများကိုချီးမြှင့်ကြသည်။

ယင်းနောက် ပြိုင်ပွဲတစ်လျှောက်လုံး အကောင်းဆုံး အားကစားသမားဆု ရရှိကြသော အမျိုးသမီး အသက် ၁၂ နှစ်နှင့်အောက် ပြိုင်ပွဲတွင် ခိုင်စုထွေး (အောင်ဆန်းလေ့ကျင့်ရေးစခန်း)အား မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်မှ ဒေါ်အယ်လ်ခွန်းရီက လည်းကောင်း၊ အမျိုးသား အသက် ၁၂ နှစ်နှင့်အောက် ပြိုင်ပွဲတွင် မင်းဟိန်းခန့် (အောင်ဆန်းလေ့ကျင့်ရေးစခန်း)အား Ruby Dragon Co., Ltd. မှ ဒါရိုက်တာဦးစန်းလွင်က လည်းကောင်း၊ အမျိုးသမီး အသက် ၁၅ နှစ်နှင့်အောက် ပြိုင်ပွဲတွင် အိသဉ္ဇာခိုင်(အောင်ဆန်းလေ့ကျင့်ရေးစခန်း)အား မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဒေါ်တင်တင်မြက လည်းကောင်း၊ အမျိုးသား အသက် ၁၅ နှစ်နှင့်အောက် ပြိုင်ပွဲတွင် အောင်ခန့်(အောင်ဆန်းလေ့ကျင့်ရေးစခန်း)အား ၂၀၀၄ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ရဲနိုင်ဝင်းက လည်းကောင်း၊ အမျိုးသမီး အသက် ၂၀ နှစ်နှင့်အောက် ပြိုင်ပွဲတွင် ဇာနည်ဝင့်(သူရဲကောင်းကလပ်)အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်အေးအေးက လည်းကောင်း၊ အမျိုးသား အသက် ၂၀နှစ်နှင့် အောက်ပြိုင်ပွဲတွင် ဉာဏ်လင်းဖြိုး(အောင်ဆန်းလေ့ကျင့်ရေးစခန်း)အား မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)ကလည်းကောင်း အကောင်းဆုံး အားကစားသမားဆုတံဆိပ်များ အသီးသီးချီးမြှင့်ကြသည်။

ထို့နောက် ၂၀၀၄ ခုနှစ် သက်ငယ်တန်းကရာတေးဒို ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင် ကရာတေးဒိုအားကစားသမားဟောင်း ဒေါက်တာရဲနိုင်ဝင်းက ပြိုင်ပွဲတွင် အတိုးတက်ဆုံးဆုရရှိသော အမျိုးသား အသက် ၁၂နှစ်နှင့်အောက်အတန်းမှ ရဲမာန်ဦး(အောင်ဆန်းလေ့ကျင့်ရေးစခန်း)အား အထူးဆုကို ပေးအပ်လိုက်သည်။

(သတင်းစဉ်)

ပြိုင်ပွဲကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းက အတိုးတက်ဆုံး အားကစားသမားဆုရ ရဲမာန်ဦး (အောင်ဆန်း လေ့ကျင့်ရေးစခန်း)အား အထူးဆု ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

၂၀၀၄ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲတွင် ဆုရရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးကြီးခင်မောင်ထွန်း (ငြိမ်း)၊ ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်း (မြန်မာ့လက်ရွေးစင်ဟောင်း)တို့အား အမှုဆောင်များနှင့်အတူတွေ့ရစဉ်။

(မြန်မာ့အလင်း)

● *ကျောဖုံးမှ*

အသင်းငယ်များဖြင့် ခြေစမ်းပြီး နည်းစနစ်၊ နည်းဗျူဟာစမ်းသပ်ခဲ့ကြရာ အသီးသီးအနိုင်ရရှိခဲ့ကြသည်။

မေ ၂၈ ရက်က ပြင်သစ်နှင့် အင်ဒိုရာတို့ ပြင်သစ်မြေ၌ ခြေစမ်းရာ ပြင်သစ်က လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဂျာမနီမြေပေါ်၌ မေ ၂၇ ရက်က ဂျာမနီနှင့် မော်လတာတို့ ခြေစမ်းရာ ဂျာမနီက ခုနစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ မေ ၂၈ရက်က ဖင်လန်၌ ကစားသော ခြေစမ်းပွဲတွင် ဆွီဒင်က ဖင်လန်ကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဇွန် ၁ ရက်ပွဲစဉ်

နည်းပြအဲရစ်ဆင်၏ အင်္ဂလန်အသင်းသည် ဇွန်၁ရက်တွင် အာရှတိုက်မှ ဂျပန်အသင်းနှင့်အင်္ဂလန်မြေ၌ ခြေစမ်းမည်ဖြစ်သည်။ အင်္ဂလန်အသင်းသည် ပြိုင်ပွဲနီးကပ်လာပြီဖြစ်၍ အားနည်းသောအသင်းနှင့် ခြေစမ်းပြီး အသင်း၏ကစားကွက်ကို အချောသတ်မည့်သဘောပင် ဖြစ်သည်။

နည်းပြဒစ်အက်ဒ်ဗိုကတ်၏ဟော်လန်အသင်းလည်း မေ၂၉ရက်က ဟော်လန်မြေတွင် ဘယ်လ်ဂျီယံနှင့် ခြေစမ်းခဲ့ရာ တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဟော်လန်အသင်းသည် ဇွန်၁ရက်တွင် ဖာရိုးကျွန်းစု နှင့်အဝေးကွင်း၌ ခြေစမ်းမည်ဖြစ်သည်။ ဟော်လန် အသင်းသည် ယူရို ၂၀၀၀ ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ရာ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အင်္ဂလန်လူစာရင်း

နည်းပြအဲရစ်ဆင်သည် အင်္ဂလန်အသင်း၏လူစာရင်းကို ထုတ်ပြန်ကြေညာထားပြီးဖြစ်ရာ ယခုအချိန်ထိ အပြောင်းအလဲသတင်းများ မကြားရသေးပေ။ အင်္ဂလန်အသင်းတွင် **(ဂိုး)** ဒေးဗစ်ဂျိမ်း၊ ပေါလ်ရော်ဘင်ဆင်၊ အီယန်ဝေါလ်ကာ၊ **(နောက်တန်း)** ဝိန်းဘရစ်၊ ဆိုးလ်ကမ်းဘဲလ်၊ ကယ်ရစ်ဂါ၊ အက်ရှလေကိုးလ်၊ လက်စလေကင်း၊ဂယ်ရီနဗီးလ်၊ ဖီးနဗီးလ်၊ ဂျွန်တယ်ရီ၊ **(အလယ်တန်း)** ဒေးဗစ်ဘက်ခမ်း၊ နစ်ကီဘတ်၊ ဂျိုးကိုးလ်၊ ကီယွန်ဒိုင်ယာ၊ စတီဗင်ဂျာရတ်၊ အိုဝင်ဟားဂရေဗ့်၊ဖရန့်လမ်းပတ်၊ပေါလ်စခိုးလ်၊ **(ရှေ့တန်း)** အမ်မလီဟက်စကီး၊ မိုက်ကယ်အိုဝင်၊ ဝိန်းရူနီနှင့်ဒါးရီးယက်ဗက်ဆဲလ်တို့ပါဝင်ကြသည်။

အခြေအနေအရ အပြောင်းအလဲပြုလုပ်ရန် အရန်သင့် ကစားသမားများအနေဖြင့် ဒီဖိုး၊ အလန်စမစ်၊ ဆောက်ဂိတ်နှင့် အပ်ဆွန်တို့ကို လျာထားသည်။

မေ ၂၈ ရက်က ယှဉ်ပြိုင်ကစားသည့် ပြင်သစ်နှင့်အင်ဒိုရာတို့၏ခြေစမ်း ပွဲစဉ်တွင် ပြင်သစ်တိုက်စစ်မှူး ဆယ်ဗိန်းဝီးလ်တော့ဒ်(၁၁)၏ ထိုးဖောက် ကစားဟန်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဇွန် ၂ ရက်ပွဲစဉ်

မော်လတာကို ဂိုးပြတ်အနိုင်ရခဲ့သော ဂျာမနီအသင်းသည် ဇွန် ၂ရက်တွင် ဆွစ်ဇာလန်မြေ၌ ဆွစ်ဇာလန်နှင့် အားစမ်းမည် ဖြစ်သည်။ ဆွစ်ဇာလန်က အုပ်စု(ခ)၌ ပါဝင်ကာ ဂျာမနီက အုပ်စု(ဃ)၌ ပါဝင်နေကြသည်။ နှစ်သင်းစလုံးအတွက် မိမိတို့၏ ခြေစွမ်းကို ခန့်မှန်းခွင့်ရကြမည့် ပွဲဖြစ်သည်။

ဇွန် ၂ ရက်တွင် ချက်မြေ၌ ချက်နှင့် ဘူဂေးရီးယားတို့လည်း ခြေစမ်းကြမည်ဖြစ်သည်။ ချက်အသင်းက အုပ်စု(ဃ)၌ ပါဝင်ပြီး ဘူဂေးရီးယားက အုပ်စု(ဂ)၌ ပါဝင်သည်။ နှစ်သင်းစလုံး ခြေစွမ်းအားဖြင့် မတိမ်းမယိမ်းဖြစ်သော်လည်း ခြေစစ်ပွဲရလဒ်များအရ ချက်အသင်းက ပို၍အားကောင်းသည်ဟု ဆိုနိုင်သည်။

ဂရိအသင်း

အုပ်စု(က)၌ ပါဝင်သော ဂရိအသင်းသည် မေ ၂၉ရက်တွင် ပိုလန်မြေ၌ ခြေစမ်းကစားခဲ့ပြီး ဇွန် ၃ရက်တွင် လက်ချင်စတိန်းနှင့် အဝေး၌ ထပ်မံခြေစမ်းဦးမည်ဖြစ်သည်။ ဂရိအသင်းသည် အိမ်ရှင် ပေါ်တူဂီ၊ စပိန်၊ ရုရှားတို့နှင့်အတူ ပါဝင်လျက်ရှိရာ အုပ်စုကျပ်၍ အတော်ရုန်းကန်ရမည်ဖြစ်သည်။ ဂရိအသင်းကို နည်းပြဆရာအဖြစ် အော့တိုရီဟာဂျယ်က တာဝန်ယူမည် ဖြစ်သည်။ ဂရိအသင်းသည် ၁၉၈၀ ပြည့်နှစ်ပြိုင်ပွဲတွင် ပထမအဆင့်၌ ပါဝင်ကစားခဲ့ရသည်ကလွဲ၍ အောင်မြင်မှု ကြီးကြီးမားမား မရရှိခဲ့ဖူးပေ။

ဇွန်၅ရက်ပွဲစဉ်

ဇွန် ၅ ရက်တွင် ပေါ်တူဂီနှင့် လစ်သူယေးနီးယား၊ စပိန်နှင့် အင်ဒိုရာ၊ အင်္ဂလန်နှင့် အိုက်စလန်၊ ဒိန်းမတ်နှင့် ခရိအေးရှား၊ ဆွီဒင်နှင့် ပိုလန်၊

ဟော်လန်နှင့် အိုင်ယာလန်တို့ ခြေစမ်းကြမည်ဖြစ်သည်။ စပိန်၊ အင်္ဂလန်၊ ဒိန်းမတ်၊ ခရိအေးရှား၊ ဆွီဒင်နှင့် ဟော်လန်တို့အနေဖြင့် အဆိုပါ ခြေစမ်းပွဲအပြီးတွင် ပေါ်တူဂီသို့ ထွက်ခွာရန် အထုပ်အပိုး ပြင်ကြရတော့မည် ဖြစ်သည်။

ဇွန်၆ရက်ပွဲစဉ်

ဥရောပဖလားပြိုင်ပွဲဝင်အသင်းများ၏ ခြေစမ်းပွဲများ ဇွန် ၆ ရက်တွင် အပြီးသတ်မည်ဖြစ်သည်။ ဇွန် ၆ ရက် ပွဲစဉ်များအဖြစ် ပြင်သစ်နှင့် ယူကရိန်း၊ ဆွစ်ဇာလန်နှင့် လက်ချင်စတိန်း၊ ချက်နှင့် အက်စတိုးနီးယား၊ ဂျာမနီနှင့် ဟန်ဂေရီ၊ လတ်ဗီးယားနှင့် အဇာဘိုင်ဂျန်တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဂူလီမပါဝင်နိုင်

လက်ရှိချန်ပီယံ ပြင်သစ်အသင်းသည် လာဂရန်ဒီမော၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည်။ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သော ပြင်သစ်အလယ်တန်းလူ ဂူလီသည် ယူရို ၂၀၀၄ ပွဲနှင့် လွဲသွားခဲ့ရပြီဖြစ်သည်။ ဂူလီသည် အသက် (၂၇) နှစ်ဖြစ်ပြီး မိုနာကိုအသင်းမှ ဖြစ်သည်။ ပြင်သစ်နည်းပြ ဆရာဂျက်ဆန်တီနီက အင်ဒိုရာကို လေးဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိပြီးနောက် ဂူလီ၏ နေရာတွင် လိုင်ယွန်အသင်းမှ အသက် (၂၃) နှစ်အရွယ်ဂိုဗူးနှင့် အစားထိုးရန် ဆုံးဖြတ်လိုက်ကြောင်း ပြောကြားသည်။ ။

(မြန်မာ့အလင်း)

မေ၂၈ရက်က ယှဉ်ပြိုင်ကစားသည့် ပြင်သစ်နှင့် အင်ဒိုရာပွဲစဉ်တွင် ပြင်သစ် တိုက်စစ်မှူး သီယာရီ အွန်နရီ၏ ထိုးဖောက်ကစားဟန်ကို ဤသို့တွေ့ရသည်။(အဆိုပါပွဲတွင် ပြင်သစ်က လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။)

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာသတင်းဂျာနယ် အမှတ် (၄၅၂) ဖြန့်ချိ

ရန်ကုန် မေ ၃၀

နိုင်ငံတကာသတင်း ဂျာနယ် အမှတ် (၄၅၂)ကို ယနေ့(တနင်္လာနေ့) တွင်စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

(အပေါ်ပုံ)

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြားဖော်ပြနေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် အရှေ့တောင်အာရှရေပြင်မှ ပင်လယ်ဓားပြများ၊ ကာဂျီစတန်နိုင်ငံအကြောင်းသိကောင်းစရာ၊ ရုရှားလုပ်ငန်းရှင် သူဌေးကြီးကို စွဲချက်တင်၊ နာဂျက်ဖ်မြို့တွင်း ထိုးစစ်များရပ်ဆိုင်း၊ သမ္မတဘုရှ်၏ နိုင်ငံခြားရေးမူဝါဒ ဝေဖန်ခံရ၊ ကိုးကြိမ်ကိုးလီ သေရွာပြန်သူ၊ ပြင်သစ်၏ စွမ်းအင်ပြဿနာ၊ ၁၉၃၈ ခုနှစ်ဆီက တုပ်ကွေးသင်ခန်းစာ၊ အစ္စရေးကာကွယ်ရေးဝန်ကြီး၏ အင်တာဗျူး၊ ဟိုက်ဒရိုဂျင်စွမ်းအင်ရေးရာ ဆွေးနွေးပွဲ၊ မြောက်ဝင်ရိုးစွန်းဒေသ၏ ရာသီဥတု အလှည့်အပြောင်း၊ အေသင် နွေရာသီအိုလံပစ်၊ ယုံချင်ယုံမယုံချင်နေ၊ ဂျပန်ပို့ကုန် အခြေအနေ၊ ကာရစ်ဘီယံ သဘာဝဘေး၊ သေဒဏ်စီရင်ချက်ချမှတ်ခံရသော ဥက္ကရှင်ရီကျိုအဖွဲ့ဝင်၊ ဂါဇာမှ အစ္စရေးတပ်ဖွဲ့ရုပ်သိမ်းရေး ကြိုးပမ်းချက်စသည့်သတင်းနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာဖော်ပြထားကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ရန်ကင်းစာပေနှင့်စာနယ်ဇင်းအတွေ့အကြုံရှင်း

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ၂၀၀၄ ခုနှစ် တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံပြန်လည်ရှင်းလင်းတင်ပြပွဲကို ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ယနေ့နံနက် ၉နာရီက ရန်ကင်း ရန်ရှင်းလမ်းနှင့် စက်မှု(၁) လမ်းထောင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ရုံးခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားမှူးဦးလှတိုး (တိုးတက်)က အခမ်းအနား အစီအစဉ်များကို ဖတ်ကြားတင်ပြပြီး သဘာပတိ ဦးကျော်ဝင်း(အမျိုးသားစာပေဆုရ ညိုဝင်း)က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)က အမှာစကားပြောကြားပြီး ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းစိန်က အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကင်းမြို့နယ်စာပေ ညီလာခံကိုယ်စားလှယ် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဗဟိုဦးစီးအဖွဲ့ဝင် ဦးတင်အောင်ရွှေ(တင်အောင်ရွှေ–သုတေသီ)က ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

(ဝဲအောက်ပုံ) (မြန်မာ့အလင်း)

ခေါ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက်အမှတ် (၈၃–၈၄)နေ ဦးကျော်ဝင်း–ဒေါ်ခင်စန်းဝင်း

(Shin Shin Myanmar Cheroot)(Shin Shin Star Co.,Ltd.)

တို့၏သား

မောင်သန့်ဇင်ကျော်

B.A(Business Management)˚Q ,(Kaung Myanmar Cheroot)

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သုခဝတီလမ်း(စူနီရမ်ပါတ်)၊ ခြံအမှတ် (၅)နေ ဒေါက်တာဦးသန်းဌေးမောင်–ဒေါက်တာဒေါ်လွင်လွင်ပြုး

(Shwe Yi Phyo Gems & Jewellery) တို့၏

တစ်ဦးတည်းသောသမီး

မသက်သက်စု

B.C.Sc(Q), B.A(Business Management)˚Q

တို့သည် ၂၉–၅–၂၀၀၄ရက်(စနေနေ့)တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန့်ဇင်ကျော်–မသက်သက်စု။

မွေးနေ့မင်္ဂလာဆုတောင်း
ချစ်တဲ့ရှက်လိမ်(သီရိထက်ဦး)

Grade-7, Horizon International School

31-5-2004 ရက်တွင်ကျရောက်တဲ့မွေးနေ့မှသည် နှောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ခြင်း၊အောင်မြင်ခြင်းများစွာကို ရယူပိုင်ဆိုင်နိုင်ပါစေ။

ချစ်တီလေး – ယဉ်ယဉ်စွမ်
ချစ်ညီမလေး – စင်လိမ်(ရွှေစင်လင်းလက်) (Grade-3,Horizon International School)
ကိုကြီး – စွမ်းထက်ဦး (Billion) (Grade-3,Horizon International School)
ညီညီ – ဟိန်းထက်ဦး (Zillion) (KG,Horizon International School)
ချစ်မောင်လေး – ကိုကိုကျော်စွာ (Million)

U Aung Naing (LCCI)

B.Com (Q), CPA (Part-1), DA (LCCI), CAT (UK), DMAc, ACCA (Part-II)

L.C.C.I Level 1, 2 & 3

စာရင်းကိုင် Diploma သင်တန်း

အမှတ် (၂၆၈) ခု–ထပ်၊ ပန်းဆိုးတန်း(အထက်) ဦးကျော်တာတအထိပ်၊ ကျောက်တံတားမြို့နယ်။

Ph : 721143, 09 5020528

သင်တန်းအပ်ရက် 5.6.04 (Sat)

အမည်ပြောင်း

အဖ ဦးခင်မောင်ဇော်၏သားဖြစ်သူ အထက(၅) ကမာရွတ် ဒုတိယတန်းမှ မောင်အာကာဟိန်းအား မောင်အောင်ခန့်သူဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ခန့်သူ။

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း

တိုက်ခန်းအမြန်ရောင်းမည်

၄၃–လမ်း။ မြေညီထပ် (၁၂½'×၅၀') ထပ်ခိုးပြည့် (ပေါ်/အောက်)ရေချိုးခန်း(ဘိုအိမ်သာ)ပါ 2A/C + ရေ + မီး + ဖုန်း + 1BR (အဆင့်မြင့်ဘိုဆန်)

ကန်တော်ကြီးအနီး(ကန်တော်ရိပ်မွန်)ပထမထပ် (၁၆'×၅၅')ခန့် ပါကေး+ကြွေ(ကပ်+ခင်း)၊ ထောင့်ခန်း။ Car Park ပါ (အဆင့်မြင့်)

Ph: 706677, 249118, 09-99-26131

မွေးနေ့ဆုတောင်း

ချစ်မေမေ ဒေါ်အေးအေးဝင်း၏ ၃၁–၅–၂၀၀၄ရက်တွင် ကျရောက်သော မွေးနေ့မှသည် နှောင်နှစ်ပေါင်းများစွာတိုင် ချစ်သားသမီး မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဘဝခရီးကို ရှေ့ဆက်လျှောက်လှမ်းနိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သလျက် ....

ချစ်သားသမီးများ–
မျိုးဇော်အောင်(MOFA)
သီဟအောင်–ဇင်မေအေး(ရွှေမဟာကုမ္ပဏီ)
နေမျိုးထက်၊ နေမင်းထူး

ချစ်မြေးလေး– လဝန်းရွှန်းလက်။

ပြန်ကြားရေးဝန်ကြီးဌာန
တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို ဝယ်ယူလိုပါသည်–

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
(၁) TV Transmitter Power Tube (1) Lot
(၂) TV Lighting Lamp (1) Lot
(၃) Spares for DV Cam Camera & VCR(1) Lot
(၄) Replacement of Switch Gear Unit (1) Lot
(၅) Tower Foundation Materials for 10 KW TV TX (1) Lot
(၆) Computer System for Receive only System (2) Lots
(၇) 250 W TV TX (1) Set

(ခ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
(၁) Hilithodol Developer (160) pkgs
(၂) Agfa Developer (60) bots

(ဂ) မြန်မာ့ရုပ်ရှင်လုပ်ငန်း
(၁) ဖလင်ရိုင်း (35 mm Fuji Colour Negative Film-400') (200) Rolls
(၂) ဖလင်ဆေးစိမ်လုပ်ငန်းသုံးဓာတ်ဆေး (19) kds

၂။ တင်ဒါပေးသွင်းမှုကို ၁၁–၆–၂၀၀၄ ရက် ၁၆း၃၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း၊ ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊
ဖုန်း–၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဌာနာလမ်း၊ အိမ်အမှတ် ၆၅၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆–အေ)၊ မြေကွက်အမှတ်(V၄၄)၊ နှစ် ၆၀ ဂရန်မြေ(၂၅ပေx၁၅၀)မြေနှင့် မြေပေါ်ရှိ နှစ်ထပ်တိုက်ကို ဂရန်မြေအမည်ပေါက်သူ ဒေါ်ဥမ္မာသိန်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ပေးပြီးဖြစ်ပါသည်။ အဆိုပါ မြေ၊ တိုက်အိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးလှတင် (တရားရုံးချုပ်ရှေ့နေ)(စဉ်–၁၉၃၀)
(၁၆)၊ ပထမထပ်၊ ရုံးကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့

ချစ်စဖွယ် ကလေးငယ် နာမည်ပေးကြမယ်

ဖုန်းသာဆက်လိုက်ပါ။ သင့်ရင်သွေးအတွက် ရှေးမူမပျက် ခေတ်မီလှပသော နာမည် (၁၅)မျိုးကို အမြန်ရွေးပို့လိုက်မယ်။ ကင်ပွန်းတပ်ရန် ရက်လည်း အခမဲ့ရွေးပေးမယ်။ ကုမ္ပဏီများ နာမည်အထူးရွေးပေးသည်။

ဆရာကြီး ရာဇာဇော်ဝင်း (LL.B)

တိုက်အမှတ် ၂၃၀၊ ပထမထပ်၊ လမ်း ၃၀၊ အထက်ဘလောက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၃၇၅၈၂၂

Lap Top

B.A(Eng)

SUPER-A-ONE

Interview Tourism,Hotel, Company, Student Visa, Grammer.

511231

ဆေးလိပ်ဖြတ်ခြင်း၏အကျိုးရလဒ်များ

ပန်းတောင်းသန်းကြွယ်

ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်မှာ **“ဆေးလိပ်ဆေးရွက် ရှောင်ကြဉ်မှု၊ လူမှုဘဝချမ်းသာရ”** ဖြစ်သည်။

တစ်ကမ္ဘာလုံးတွင် ဆေးလိပ်ကြောင့် နှစ်စဉ် လူလေးသန်းကျော် သေဆုံးလျက်ရှိသည်။ တစ်ရက်လျှင် လူ ၁၁၀၀၀ နှုန်း၊ တစ်နည်းအားဖြင့် ရှစ်စက္ကန့်တိုင်းတစ်ဦးသေဆုံးနေသည်နှင့်အတူတူပင်ဖြစ်သည်။ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ဆေးလိပ်ကြောင့် သေဆုံးမှုသည် ၁၀သန်းကျော်အထိရှိလာမည် ဖြစ်သည်။ ယင်းသေဆုံးသူများအနက် ၇၀ ရာခိုင်နှုန်းသည် မဖွံ့ဖြိုးသေးသော နိုင်ငံများမှဖြစ်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းတွက်ချက်ထားသည်။ ဤပမာဏမှာ အေအိုင်ဒီအက်စ်၊ ဝမ်းရောဂါ၊ တီဘီရောဂါနှင့် ထိခိုက်ဒဏ်ရာရမှုကြောင့် သေဆုံးရသူ စုစုပေါင်းထက် ပိုနေသေးသည်။

ဆေးရွက်ကြီးသည် အမေရိကတိုက်တွင် စတင်တွေ့ရှိသည့်အပင်ဖြစ်သည်။ ၁၆ ရာစုတွင် အင်္ဂလန်နိုင်ငံသို့ရောက်ရှိခဲ့သည်။ ၁၉ရာစုနှောင်ပိုင်းကာလတွင် စီးကရက်စတင်ပေါ်ပေါက်လာပြီး ၂၀ ရာစု အစောပိုင်းကာလတွင် စီးကရက်ကို လူသားတို့ တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသည်။ စီးကရက်သည် ရှိုက်ပြီးရှူရသည့် အရာဖြစ်၍ အန္တရာယ်အလွန်များသည်။ စီးကရက်မှ ထွက်သောဆေးလိပ်ငွေ့တွင် ဓာတုပစ္စည်းပေါင်း ၃၀၀ ကျော်ပါဝင်ပြီးဓာတုပစ္စည်း ၆၀မှာ ကင်ဆာရောဂါကိုဖြစ်စေသောကြောင့် ဖြစ်သည်။ ၁၉၉၂ ခုနှစ်တွင် ဆေးလိပ်ကိုကင်ဆာဖြစ်စေသည့် အဓိကဓာတုပစ္စည်းအဖြစ်သတ်မှတ်ခဲ့ကြသည်။

ဆေးလိပ်တွင် အဓိက အဆိပ်သုံးမျိုးပါဝင်ရာ နီကိုတင်း(Nicotine)ဓာတ်မှာအဆိုးဆုံးဖြစ်သည်။ ဆေးလိပ်ကို ရှူရှိုက်ရာတွင် နီကိုတင်းဓာတ်သည် သွေးထဲသို့ချက်ချင်းရောက်ရှိသွားပြီး သောက်ရှူသူကို ယစ်မူးစေသည့်အပြင် စွဲလမ်းစေတတ်သည်။ စီးကရက်တစ်လိပ်တွင် နီကိုတင်း တစ်မီလီဂရမ် ပါဝင်ရာ ယင်းပမာဏကို တစ်ကြိမ်တည်းသွေးကြောထဲသို့ ထိုးသွင်းလိုက်ပါက လူကိုချက်ချင်းသေစေနိုင်သည်။

အခြားတစ်မျိုးမှာ ကာဗွန်မိုနောက်ဆိုဒ်ဖြစ်ပြီး စီးကရက်ကို ဖွာရှိုက်လိုက်ပါက အဆုတ်မှတစ်ဆင့်သွေးကြောထဲသို့ ရောက်ရှိသွားပြီး အောက်ဆီဂျင်နေရာတွင် အစားထိုးနေရာယူသဖြင့် နှလုံးနှင့်သွေးကြောတို့တွင် ရောဂါဖြစ်ပွားစေသည်။

နောက်တစ်မျိုးမှာကတ္တရာ(သို့မဟုတ်) ဆေးချေးဖြစ်သည်။ စီးကရက်ငွေ့မှ ဆေးချေးသည် အဆုတ်ကိုအဓိက ထိခိုက်စေသည်။

ဆေးလိပ်သောက်သုံးသူများတွင် အဆုတ်ကင်ဆာအဖြစ်များကြောင်း ၁၉၂၀ပြည့်နှစ်တွင် ဆရာဝန်များက သတိထားမိခဲ့ကြသည်။

ဆေးလိပ်သောက်သုံးခြင်းကြောင့် ကင်ဆာဖြစ်ကြောင်း ၁၉၅၀ပြည့်နှစ်တွင် တိတိကျကျ စတင်သိရှိလာပြီး ဆေးလိပ်သောက်သုံးခြင်း၏ အန္တရာယ်ကို စတင် သတိပေး ပြောဆိုလာခဲ့ကြသည်။

၁၉၉၄ခုနှစ်တွင် လေ့လာတွေ့ရှိချက်အရ ဆေးလိပ်သောက်သူတို့၏ ၅၀ရာခိုင်နှုန်းသည် ဆေးလိပ်ကြောင့် ရရှိသောရောဂါများဖြင့် သေကျေကြကြောင်း သိရှိရသည်။ အသက်၄၀ ဝန်းကျင် လူလတ်ပိုင်းအရွယ်တွင် သေဆုံးတတ်ကြသည်ဖြစ်ရာ ပုံမှန်နေနိုင်သည့် သက်တမ်းထက် အနှစ် ၂၀ ကျော်စော၍ ကွယ်လွန်ကြခြင်းပင် ဖြစ်သည်။

ဆေးလိပ်ကြောင့်ရရှိနိုင်သည့် အဓိကရောဂါများမှာ (၁) နှလုံးရောဂါ ၂၅ရာခိုင်နှုန်း၊ (၂) အဆုတ်ရောဂါ ၂၆ရာခိုင်နှုန်း၊ (၃) ခန္ဓာကိုယ်အခြားအစိတ်အပိုင်းများဖြစ်သော ခံတွင်း၊အစာမျိုပြွန်၊ အစာမျိုလမ်းကြောင်း၊ အစာအိမ်၊ သရက်ရွက်၊ လေပြွန်ဝ၊ ကျောက်ကပ်၊ ဆီးအိမ်နှင့် သားအိမ်ဝ ကင်ဆာများ ၄၉ရာခိုင်နှုန်းတို့ ဖြစ်သည်။

ဗြိတိသျှဆေးပညာအသင်း (BMA) မှ ဆရာဝန်များသည် မကြာမီက အစီရင်ခံစာတစ်ခု ထုတ်ပြန်လိုက်ရာ ယင်းအစီရင်ခံစာ၌ ဆေးလိပ်သောက်ခြင်းကြောင့် လူငယ်၁၂၀၀၀၀တို့အား ပန်းသေ၊ ပန်းညှိုးဖြစ်စေခဲ့ပြီး အမျိုးသမီး ၁၂၀၀တို့မှာ သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားခဲ့ပြီး ၅၀၀၀ မှာ သားပျက်၊ သားလျှောပြဿနာများ ရှိခဲ့ကြကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဆေးလိပ်ကင်းဝေးရေးစီမံချက်အရ မြန်မာနိုင်ငံအတွင်း ကွင်းဆင်းလေ့လာခဲ့ရာ ဆေးလိပ်သောက်သုံးမှု၊ ဆေးရွက်ကြီးငုံမှု၊ ဝါးမှုများသည် ဝင်ငွေနည်းပါးပြီး ပညာချို့တဲ့သော လူတန်းစားများတွင် ပို၍တွေ့ရှိရကြောင်း သိရှိရသည်။

မြန်မာအမျိုးသား ၅၀ ရာခိုင်နှုန်းနှင့်အမျိုးသမီး ၂၀ရာခိုင်နှုန်းသည် ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲသူများဖြစ်ကြပြီး အများစုမှာ ကျေးလက်နေပြည်သူများ ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ဝင်ငွေနည်းပါးသော အိမ်ထောင်စုများတွင် ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းကျော်ကို ဆေးလိပ်သောက်သုံးရန် သုံးစွဲနေကြသဖြင့် မိသားစု၏ အာဟာရစားသုံးမှု၊ ကျန်းမာရေးနှင့် ပညာရေးအတွက် လိုအပ်သော အသုံးစရိတ်များ လျော့နည်းကျဆင်းကာ ဆင်းရဲတွင်းပိုနက်စေကြောင်းလည်း သုံးသပ် ဖော်ပြထားသည်။

ဆေးသုတေသန ဦးစီးဌာန၏ လေ့လာတွေ့ရှိချက်အရ ဆေးပေါ့လိပ်နှင့်စီးကရက်သောက်သုံးခြင်းကြောင့် ရရှိလာသော ဆိုးကျိုးများသည် အတူတူပင်ဖြစ်ကြောင်း သိရှိရသည်။

ဆေးလိပ်သောက်သုံးသူ ရှူရှိုက်ပြီး ပြန်မှုတ်ထုတ်သည့် အငွေ့ ၈၅ ရာခိုင်နှုန်းသည် ဘေးသို့ရောက်ရှိပြီး အနီးပတ်ဝန်းကျင်ကို ညစ်ညမ်း စေသဖြင့် ဆေးလိပ်သောက်သုံးသူ မဟုတ်သော တစ်ဆင့်ခံ အငွေ့ရှူရသူသည်လည်း ဆေးလိပ်သောက်သုံးသူကဲ့သို့ပင် ရောဂါများ ရရှိနိုင်ကြောင်း အထူးသတိပြုသင့်သည်။

ဆေးလိပ်ဖြတ်ရာတွင် (၁)စိတ်ကိုတင်းပြီး တိကနဲဖြတ်ရန်၊ (၂) ဆေးလိပ်သောက်သူအနီးဝန်းကျင်တွင် သွားမနေရန်နှင့်၊ (၃) ဆေးလိပ်၏ ဆိုးကျိုးများကို အမြဲသတိရနေရန်နှင့် (၄)စိတ်မနိုင်၍ ပြန်သောက်မိခဲ့သော် ကျဆုံးမှုတစ်ရပ်ဟု မမှတ်ယူဘဲ ဖြတ်နိုင်အောင် ထပ်မံကြိုးစားရန်လိုအပ်ပါသည်။

ဆေးလိပ်သည် လူသားတို့အား မည်သို့မျှ ကောင်းကျိုးမပြုကြောင်း သိရှိလာကြပြီးနောက် ဆေးလိပ်သောက်သုံးမှုမှ ရှောင်ကြဉ်ခြင်း၊ ဆေးလိပ်ဖြတ်ခြင်းများကို တိုးတက်လုပ်ဆောင်လာကြသည်။ ဆေးလိပ်ဖြတ်ခြင်းကြောင့် ကိုယ်ခန္ဓာထဲတွင် အဆိပ်များ သန့်စင်လာခြင်း၊ နှလုံးခုန်နှုန်း မှန်လာခြင်း၊ အသက်ရှူမှန်လာခြင်း၊ အနံ့နှင့်အရသာခံစားမှုအာရုံများကောင်းလာခြင်း၊ ခံတွင်းနံ့ကောင်းမွန်လာခြင်းတို့ကို လက်ငင်းခံစားရမည့်အပြင် ကြာရှည်ရလဒ်အနေဖြင့် လူမှုရေး၊ ကျန်းမာရေးအကျိုးသုခများကို ပြန်လည်ရရှိခံစားကြရမည်ဖြစ်ပေသည်။ ။

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁-၅-၂၀၀၄)

World No-Tobacco Day

(31-5-2004)

ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှု၊ လူမှုဘဝချမ်းသာရ

Tobacco Control and Poverty

ကျန်းမာရေးဝန်ကြီးဌာန

မိုင်းဖြတ်မြို့နယ် ပါပူးကျေးရွာ၌ ဧပြီ ၂၁ရက်က နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးမြင့်နိုင်က ကျေးရွာဥက္ကဋ္ဌ ဦးထွန်းနိုင်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ထောက်ပံ့

အင်္ဂပူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး ဝန်ထမ်းမိသားစု ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မေ ၂၈ ရက်က ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်ဝင်းက ဝန်ထမ်းများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်စဉ်။ (၁၃၁)

မိုး၊ ဆောင်းနှင့် နွေ စီမံကိန်း သီးနှံတာဝန်ပေးအပ်

ဆိပ်ဖြူ မေ ၂၆

၂၀၀၄-၂၀၀၅ ခုနှစ် ဆိပ်ဖြူမြို့နယ် မိုး၊ဆောင်း၊ နွေစီမံကိန်းသီးနှံများ စိုက်ပျိုးရေးတာဝန်ပေးအပ်ပွဲကို မေ၂၃ရက်က ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ငွေသဲဖြူခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးရဲလှက အမှာစကား ပြောကြားပြီး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမင်းဇော်အောင်က ၂၀၀၄-၂၀၀၅ ခုနှစ် စိုက်ပျိုးရေးစီမံကိန်းများကို ရှင်းလင်းပြောကြားကာ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးမောင်မောင်စွမ်းက မြေယာနှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးရဲလှက ကျေးရွာဥက္ကဋ္ဌများသို့ သီးနှံအလိုက်စိုက်ပျိုးထုတ်လုပ်မည့် စီမံကိန်းတာဝန်များကို ပေးအပ်ကြောင်း သိရသည်။**(အောက်ပုံ)(မြို့နယ်ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မေ ၇ရက်က မော်လမြိုင်ကျွန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများအတွင်းမှ အမှိုက်များ ဆယ်ယူစွန့်ပစ်ခြင်းတို့ကို ရပ်ကွက်သူ၊ ရပ်ကွက်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အသင်းဝင်များ၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်းနှင့် ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

စိမ်းလန်းစိုပြည်ဖွံ့ဖြိုးနေသော မြိုင်မြို့နယ်

သတင်းဆောင်းပါး-ဖေသက်ထွန်း

ရန်ကုန် မေ ၃၀

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်က စီမံကိန်းများချမှတ်ဆောင်ရွက်ခဲ့ရာ ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်စေရန် သစ်ပင်ပေါင်း သန်းနှင့်ချီစိုက်ပျိုးနိုင်ခဲ့သည်။ တမာ၊ မန်ကျည်း၊ စိန်ပန်း၊ ထနောင်းပင်ပျိုတို့သည် ပင်ချင်းယှက်လျက် ကားလမ်းဝဲယာတွင် အစီအရီဖြင့် မိမိတို့ကို ကြိုဆိုနေကြသည်ဟု စိတ်တွင် ထင်မှတ်နေရသည်။ မိမိတို့သည် ပခုက္ကူမှ မြိုင်သို့ ရောက်ရှိနေကြခြင်း ဖြစ်သည်။

မြိုင်မြို့နယ်သည် လူတူပရိုင်းမိတ်ကျောက်ဖြစ်ရပ်ကြွင်းများ တွေ့ရှိခဲ့ရသောဒေသဖြစ်၍ မိမိတို့အထူးပင် စိတ်ဝင်စားခဲ့သည်။ လူသားတို့ စတင်အခြေချနေထိုင်ခဲ့သောနယ်မြေကြီးအတွင်း ရောက်ရှိခဲ့ရခြင်းကြောင့် ဝမ်းသာဂုဏ်ယူနေမိသည်။ မွေးရပ်ဇာတိမြေနှင့် နယ်မြေချင်းထိစပ်နေသော်လည်း ထိုဒေသသို့ ပထမဆုံးအကြိမ် ရောက်ရှိသွားခြင်း ဖြစ်သည်။

မြိုင်မြို့ကိုဖြတ်ကျော်ပြီး မြို့မြောက်ဘက် ခြောက်မိုင်အကွာ၌ တည်ရှိသော ကန်နက်အမည်ရှိ ကျေးရွာတစ်ရွာသို့ ရောက်ရှိခဲ့သည်။ ထိုရွာကလေးသည် အိမ်ခြေလေးဆယ်ခန့်သာ ရှိသော်လည်း ကျေးလက်ကျန်းမာရေးဌာန၊ အစိုးရမူလတန်းကျောင်း၊ အဝီစိ စက်ရေတွင်း၊ ကိုယ်ပိုင်လျှပ်စစ်မီးစက်တို့ဖြင့် ကျေးလက်ပြည်သူတို့၏ လူနေမှုဘဝကို မြှင့်တင်ပေးထားသည်။

ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံကို တိုင်းနှင့် ခရိုင် ကြီးကြပ်မှုဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးစီးဆောက်လုပ်ပေးပြီး ဆေးပေးခန်းနှင့် ဝန်ထမ်းဆောင်အပါအဝင် နိုင်ငံတော်သို့ လွှဲအပ်လှူဒါန်း ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုကျေးလက် ကျန်းမာရေးဌာန ဖွင့်လှစ်နိုင်ခဲ့သဖြင့် ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးကို ကူညီစောင့်ရှောက်နိုင်သည့်အပြင် ကျန်းမာရေး၊ အသိပညာများလည်း တိုးပွားလာခဲ့ကြကြောင်း ကျေးရွာဥက္ကဋ္ဌ ဦးကျော်ရှိန်က ပြောပြသည်။

မိုးရာသီကာလတွင် ကန်နက်ကျေးရွာမှ ကလေးငယ်များ ချောင်းမြောင်းကူးပြီး ပညာသင်ကြားနေခဲ့ကြရရာမှ ယခုကဲ့သို့ အစိုးရမူလတန်းကျောင်း ဖွင့်လှစ်သင်ကြားပေးနိုင်သဖြင့် ကျေးရွာရှိကလေးငယ် ၁၅၀ကျော် ဘေးအန္တရာယ်ကင်းဝေးပြီး ကျေးလက်နေကလေးငယ်တိုင်း ကျောင်းပညာသင်ယူလာနိုင်ကြပြီဖြစ်ကြောင်း မြို့နယ်လက်ထောက်ပညာရေးမှူး ဦးရဲမြင့်အောင်က ရှင်းပြသည်။

ထို့နောက် ကြက်မောက်ရေလှောင်တမံ ဆည်ရေသောက် ဧရိယာအတွင်း စမ်းသပ်နွေစပါးစိုက်ခင်းများကို သွားရောက် လေ့လာခဲ့ရာ ဖြစ်ထွန်းအောင်မြင်နေသည်ကို တွေ့ရှိခဲ့ရသည်။ ကြက်မောက်ဆည်ကို အသုံးပြုလျက် ကန်နက်၊ ကန်နီ၊ မန်ကျည်းလေးပင်၊ လက်ထုတ်တော၊ ရွှေလင်းဆွဲ၊ ခေါင်းခွဲ၊ တောင်ဘို့ကျေးရွာများတွင် နွေစပါး ဧက ၆၀ခန့် စိုက်ပျိုးအောင်မြင်နေကြောင်း သိရသည်။

ယခင်က ထိုဒေသများတွင် စပါးစိုက်ပျိုးခြင်း မရှိခဲ့ဖူးကြောင်း၊ ဒေသခံပြည်သူများမှာ စပါးပင်ကို ယခုမှပင် မြင်ဖူးကြကြောင်း လယ်သမားကြီးတစ်ဦးက ရှင်းပြသည်။

မြိုင်မြို့နယ်နေ ကျေးလက်ပြည်သူများ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ထန်း၊ ရက်ကန်း၊ တောင်ယာလုပ်ငန်းနှင့် သံထည် လုပ်ငန်းများဖြစ်ကြောင်း၊ တောင်ယာလုပ်ငန်းမှ သနပ်ခါး၊ မြေပဲ၊ နှမ်းနှင့်ပဲမျိုးစုံ ထွက်ရှိကြောင်း၊ ရှင်မတောင် သနပ်ခါးကို ခြံကြီးများဖြင့်စိုက်ပျိုးပြီး ဒေသထွက်ကုန်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထားကြကြောင်း၊ ယခုအခါ ဆည်မြောင်းဦးစီးဌာနနှင့်ပူးပေါင်းပြီး နိုင်ငံတော်က အကုန်အကျခံ တည်ဆောက်ပေးထားသော မြိုင်ချောင်းရေလှောင်တမံ၊ ဗဟင်းရေလှောင်တမံ၊ တောင်ယမားရေလှောင်တမံ၊ ကြက်မောက်ရေလှောင်တမံတို့၏ စိုက်ပျိုးရေအကျိုးပြုမှုကြောင့် နွေစပါး၊ မိုးစပါးတို့ပါထွက်ရှိလာပြီဖြစ်ကြောင်း၊ ထိုဒေသမှလူများသည် ကန်ရေကိုသာ မှီခိုအားထား သောက်သုံးခဲ့ကြရရာမှ ယနေ့ နိုင်ငံတော်က စက်ရေတွင်းပေါင်း ၁၇၃တွင်း တူးဖော်ပေးခဲ့သဖြင့် ကျေးလက်ပြည်သူတို့ဘဝ မြင့်မားတိုးတက်လာကြောင်းဖြင့် ထွေ/အုပ် ဒုတိယ ဦးစီးမှူး ဦးညီညီအောင်က ရှင်းပြသည်။

မိမိတို့ မြိုင်မြို့နယ်သို့ ရောက်စဉ် သတင်းသမားပီပီ နယ်မြေ၏ ဖွံ့ဖြိုးတိုးတက် ပြောင်းလဲလာသော အခြေအနေအကြောင်းရင်းများကို တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်သည်။ မိုးဖွဲဖွဲလေးအကြားတွင် မြိုင်မြို့နယ်၏ သဘာဝအလှအပရှုခင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းများကို ကြည့်ရှုခံစားရင်း ဒေသခံကျေးလက်ပြည်သူများအတွက် ဝမ်းသာပီတိပွားကာ ပခုက္ကူဘက်သို့ လှည့်ပြန်လာခဲ့ပါတော့သည်။ ။ **(မြန်မာ့အလင်း)**

ပြည်ပ ပို့ကုန်ပစ္စည်းအများဆုံးတင်ပို့သောလုပ်ငန်းရှင်များဂုဏ်ပြု ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံတက်ရောက်ဆုချီးမြှင့်ပေးအပ်

ရန်ကုန် မေ ၃၀

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပို့ကုန်ပစ္စည်းအများဆုံးတင်ပို့ခဲ့သော လုပ်ငန်းရှင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို မေ၂၈ရက် ညနေ၄နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အဆိုပါဝန်ကြီးဌာနဆွေးနွေးပွဲခန်းမ၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ဂုဏ်ပြု အမှာစကား ပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်းပြည်ပသို့ ပို့ကုန်ပစ္စည်းအများဆုံး တင်ပို့ခဲ့သော လုပ်ငန်းရှင်များဖြစ်ကြသောပင်လယ်ရေကြောင်းမှ ပို့ကုန်ပစ္စည်းအများဆုံးတင်ပို့မှု ပထမဆုရ Maung Weik & Family Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးမောင်ဝိတ်၊ ဒုတိယဆုရ Asia Winner Industrial Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်နှင့် တတိယဆုရ Fisheries & Marine Products 2000 Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးဇော်လေး၊ နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့် ပို့ကုန်ပစ္စည်း အများဆုံးတင်ပို့မှု ပထမဆုရ Phaung Sai Co., Ltd မှ ဒါရိုက်တာ ဒေါ်နန်းဆိုင်း၊ ဒုတိယဆုရ Shwe Yone Min Co., Ltd. မှ ဒါရိုက်တာ ဦးသိန်းဝင်းနှင့် တတိယ ဆုရ Khit San Sein Trading မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ကြူကြူမြင့်တို့အား ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက လည်းကောင်း **(အပေါ်ပုံ)** ဥယျာဉ်ခြံထွက်ပစ္စည်း ခြောက် မျိုးဖြစ်သော ဆီးသီး၊ ဆီးဆံအများဆုံး တင်ပို့မှုဆုရ Five Stars Trading မှ မန်နေဂျာ ဦးအောင်အောင်၊ ဖရဲသီး အများဆုံး တင်ပို့မှုဆုရ Academy Trading မှ လုပ်ငန်းရှင်ဒေါ်နန်းမြအောင်၊ သရက်သီးအများဆုံး တင်ပို့မှုဆုရ 318 Trading မှ မန်နေဂျာ ဒေါ်ခင်သန်းဝင်း၊ ကော်ဖီစေ့ အများဆုံး တင်ပို့မှုဆုရ Golden Peacock Trading မှ ဒါရိုက်တာ အဖွဲ့ဝင် ဦးဇော်မျိုးထက်၊ ငရုတ်ကောင်း အများဆုံး တင်ပို့မှုဆုရ Sun Dew Trading မှ မန်နေဂျာ ဦးညွန့်တင်နှင့် လက်ဖက်ခြောက် အများဆုံး တင်ပို့မှုဆုရ Golden Peacock Trading မှ ဒါရိုက်တာ အဖွဲ့ဝင် ဦးဇော်မျိုးထက်တို့အား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းက လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာဥယျာဉ်ရိပ်သာလမ်းသွယ်(၁) တိုက်(က)ခန်း-၁၀၂နေ ဦးသာဇော်မောင်မောင်-ဒေါ်စပယ်ထွန်းကြည် မိသားစုတို့က ဦးသာဇော်မောင်မောင်၏ မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမောင်တင်သို့ မေ ၂၁ ရက်ကပေးအပ်လှူဒါန်းစဉ်။(က-ပ)

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၁-၆-၂၀၀၄ (အင်္ဂါနေ့)

- ❑ ဝတ်လုံတော်ရ မောင်သောင်းဖေ
  - အဝေးသင်တက္ကသိုလ် ပထမနှစ် အထူးပြုအားလုံးကျောင်းသား ကျောင်းသူများ
- ❑ နိုင်ငံတော်မျက်နှာ
  - အဝေးသင်တက္ကသိုလ် ပထမနှစ် အထူးပြုအားလုံးကျောင်းသား ကျောင်းသူများ
- ❑ Tenses
  - အဝေးသင်တက္ကသိုလ် ပထမနှစ် အထူးပြုအားလုံးကျောင်းသား ကျောင်းသူများ
- ❑ Science and Scientists
  - အဝေးသင်တက္ကသိုလ် ပထမနှစ် အထူးပြုအားလုံးကျောင်းသား ကျောင်းသူများ

၂-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ Clothing
  - အဝေးသင်တက္ကသိုလ် ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Echo Location
  - အဝေးသင်တက္ကသိုလ် ပထမနှစ် အင်္ဂလိပ်စာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ The Origin of Feudalism
  - အဝေးသင်တက္ကသိုလ် ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသအထူးပြု ကျောင်းသား ကျောင်းသူများ

၃-၆-၂၀၀၄ (ကြာသပတေးနေ့)

- ❑ Introducting Logic
  - အဝေးသင်တက္ကသိုလ် ပထမနှစ် ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ The Study of Immediate Inference
  - အဝေးသင်တက္ကသိုလ် ပထမနှစ် ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ The Earth and its Movement
  - အဝေးသင်တက္ကသိုလ်ပထမနှစ်ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

၄-၆-၂၀၀၄ (သောကြာနေ့)

- ❑ Economic and Social Aspects of Feudalism
  - အဝေးသင်တက္ကသိုလ် ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ History of Psychology
  - အဝေးသင်တက္ကသိုလ် ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Perceptual Organization
  - အဝေးသင်တက္ကသိုလ် ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

နံနက် ၉း၀၀နာရီမှ ၁၆း၀၀နာရီထိ

၅-၆-၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၆-၆-၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

မေ ၂၅ရက်က မင်္ဂလာဒုံမြို့နယ် နှုယ်ခွေကျေးရွာအုပ်စုမှ ဂူကြီးကုန်းရွာ၊ ရွာသစ်ရွာတို့၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပရာ ရန်ကုန်တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးတင်အောင်က ပေးအပ်စဉ်။ (က-ပ)

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦး ဝင်း သန်း၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ရွှေထားနှင့် အဖွဲ့ဝင်များ မေ ၂၇ ရက်က ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းပြီး သစ်ပင်ပန်းမန် အလှပင်များ စိုက်ပျိုးကြစဉ်။ (က-ပ)

မေ ၁၁ရက်က ဆီဆိုင်မြို့နယ် ဘန်းယဉ်ကျေးရွာအုပ်စု လွယ်မွန်းကျေးရွာတွင် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နိုပွန်ဖောင်ဒေးရှင်းနှင့် ပြည်သူများဆောက်လုပ်သောကျပ် ၁၁၅ သိန်းတန် မူလတန်းလွန်ကျောင်းအဆောက်အအုံသစ်ကို မြို့နယ်အဖွဲ့ဝင်(၂)ဦးအောင်မြင့်လွင်၊ နယ်စပ်စည်ပင်ဦးစီးအရာရှိ ဦးရန်ဟိန်းနှင့် နိုပွန်ဖောင်ဒေးရှင်းအဖွဲ့ အမှုဆောင်ဒါရိုက်တာ နိဘူယူကီဟီရာနိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၄၈)

ပန်းခုံများတွင် အလှပန်းစိုက်ပျိုး

ဇန်းမော် မေ ၈

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဇန်းမော်မြို့နယ် ဗိုလ်ချုပ်လမ်းတစ်လျှောက်လမ်းလယ် ပန်းခုံများ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် မေ ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကျော်သူနှင့် ဝန်ထမ်းများက ပန်းခုံများတွင် အလှပန်းများ စိုက်ပျိုးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

ဆွမ်းဆန်စိမ်း လှည့်လည်အလှူခံ

ကညွတ်ကွင်း မေ ၈

ကညွတ်ကွင်းမြို့ ဗုဒ္ဓသာသနနုဂ္ဂဟနေ့စဉ် ဆွမ်းလောင်းသင်းက နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွမ်းဆန်စိမ်း လှည့်လည်အလှူခံပွဲကို မေ ၃ ရက် မွန်းလွဲ ၂နာရီက ကျင်းပသည်။

ယင်းသို့ အလှူခံရာတွင် ကညွတ်ကွင်းမြို့ သံဃသြဝါဒ ဆရာတော်များကြီးမှူး၍ သံဃာအပါး ၂၀၀ ကျော် မြို့တွင်းသို့ အလှူခံပူဇော်ကြသည်။

ထို့နောက် ရပ်ဝေးရပ်နီး အလှူရှင်များကလည်း ဆွမ်းလောင်းအသင်း ဥက္ကဋ္ဌ ဦးတိုးနှင့် အတွင်းရေးမှူး ဦးတင်မြင့် ဖုန်း-၁၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ယာပုံ) (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

အရန်သားဖွားသင်တန်းဆင်းပွဲနှင့် တာဝန်ပေးအပ်ပွဲ စလင်းမြို့နယ် ပြည်သူ့ဆေးရုံခန်းမတွင်ကျင်းပ

စလင်း မေ ၁၈

မကွေးတိုင်း စလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တစ်ရပ် အဖြစ် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန် ပဋ္ဌမအကြိမ် ကိုယ့်အားကိုယ်ကိုး အရန်သားဖွားသင်တန်းဆင်းပွဲနှင့် တာဝန်ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်ပြည်သူ့ဆေးရုံ သင်တန်းခန်းမတွင် မေ ၁၅ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ဆန်းတို့က အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆု သင်တန်းဆင်းလက်မှတ်နှင့် လုပ်ငန်းသုံးဆေးပစ္စည်း အိတ်များပေးအပ်ချီးမြှင့်သည်။အဆိုပါ သင်တန်းကာလမှာ ခြောက်လဖြစ်ပြီး အရန်သားဖွား ၃၃ဦးတို့ တက်ရောက်ကြောင်း သိရသည်။ **(က-ပ)**

မိုးစပါးပန်းတိုင် အထွက်တိုးရေး နည်းလမ်းပညာပေး

ညောင်လေးပင် မေ ၂၈

မိုးစပါးတစ်ဧကတင်း ၁၀၀ ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် ပဲခူးတိုင်းအတွင်းရှိ ကျောက်တံခါး၊ ရွှေကျင်၊ ဒိုက်ဦး၊ ညောင်လေးပင်မြို့နယ်များတွင် တစ်ဧကတင်း ၁၀၀ အထွက်နှုန်းဧက ၄၀၇၅၀ ဆောင်ရွက်ရန် စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲကို မေ ၂၅ ရက်က ညောင်လေးပင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးတွင် ပြုလုပ်ရာ ပဲခူးတိုင်းမန်နေဂျာ ဦးဝင်းမောင်၊ ခရိုင်မန်နေဂျာဦးမျိုးညွှန့်နှင့် ပညာပေးအဖွဲ့များက ပညာပေးဆွေးနွေးကြသည်။ **(ယာပုံ) (၁၃၄)**

ပေးအပ်

မေ ၁၆ရက်က ပျော်ဘွယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ကျီနီကျေးရွာအုပ်စုရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ကျေးရွာ အုပ်စုရုံးတွင် ကျင်းပရာ မြို့နယ်ဦးစီး အရာရှိ ဦးသိန်းထွန်းက ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဦးသောင်းငွေအား ကျေးရွာနေ ပြည်သူများကိုယ်စား ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ကျွန်မတို့၏သားဖြစ်သူ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ် စာဘူးတောင်းကျေးရွာအုပ်စု၊ကွက်သစ်ရပ်ကွက်နေ မောင်ကောင်းမြတ်ကျော် မှတ်ပုံတင်အမှတ် ၁၂/လကန(နိုင်) ၁၈၁၃၄၈ သည် မိဘဆိုဆုံးမမှုကို မနာခံသည့်အပြင် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၂၂-၃-၂၀၀၄ ရက်တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်ငွေနှင့်ပတ်သက်သော ကိစ္စအဝဝကိုလုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

ဦးကျော်ညိမ်း-HGU ၀၅၄၂၁၉
ဒေါ်သိန်းအေး-HGU ၀၀၄၄၅၁

ရောင်း/လဲ/ငှားမည်

88 Model (Air Con, MiniBus)

နံပါတ်ပြာ 8A-ရောင်းမည်။
ကားမျိုးစုံငှားမည်။
ဖုန်း-၅၂၄၆၈၆၊ ၀၉-၈၀-၂၄၀၄၄

အမည်မှန်

အထက(၂)ဗဟန်း နဝမတန်း (ဂ)မှ ကျောင်းဝင်အမှတ်(၁၁၇/၀၀) မဟန်သီ(ခ)ဟန်သီအောင်၏ အမည်မှန်မှာ မဟန်သီ ဖြစ်ပါကြောင်း။

အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးမြင့်လွင် ၁၃/မဆတ(နိုင်) ၀၀၅၆၄၉ ၏သား မောင်သန်းထက်အောင် ၁၃/မဆတ(ပြု)၀၀၀၁၁၆ အား မောင်သန်းထက်အောင်(ခ)မောင်သီဟလွင် ဟုခေါ်ပါရန်။ **မောင်သန်းထက်အောင်(ခ)မောင်သီဟလွင်။**

အလူမီနီယမ်ပိုက်တံချုန့်ဓားကောက်၊ Bleaching Earth များ အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းများ** (က) ဆီသီးခိုင်ခူးရန် မလေးရှားနိုင်ငံလုပ် အလူမီနီယမ်ပိုက်တံချုန့်ဓားကောက်
(ခ) Bleaching Earth
၂။ **တင်ဒါပိတ်ရက်** (၉-၆-၂၀၀၄) ရက်နေ့
၃။ **တင်ဒါပိတ်မည့်အချိန်** (၁၄း၀၀)နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါ ဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)
၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၅၆၁၃၉၁၊ ၅၆၆၇၁၅၊ ၅၆၆၇၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ လိုပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(1) 12 Volt Battery များ
(2) Magneto Telephone များ
(3) Hard Coke 100Tons
(4) MCCB Circuit Breaker များ
(5) Vacuum Hose Pipe 23" 5000Nos
(6) ငွေသေတ္တာ (၂၀)လုံး

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၁၀-၆-၂၀၀၄ (ကြာသပတေး)၁၂း၀၀ နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် - ၁၀-၆-၂၀၀၄(ကြာသပတေး) ၁၄း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ပါဌာနတွင် ၂၇-၆-၂၀၀၄နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ(ထောက်ပံ့ဌာန)
မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့် ရန်ကုန်မြို့
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅ လိုင်းခွဲ ၆၀၂၊ ၆၁၃

" သတင်းကောင်း "

ယုဇန အိမ်ရာ အရောင်း ပွဲတော်

(၁.၆.၂၀၀၄ ~ ၁၅.၆.၂၀၀၄)

ပုလဲရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးသိန်းထွန်း(အင်ဂျင်နီယာမှူး၊ လမ်းအထူး(၆) နမ္မတီးမြို့၊ ကချင်ပြည်နယ်)နှင့် ချစ်မေမေ ဒေါ်ဌေးဌေးရီတို့၏ ၃၁–၅–၂၀၀၄ ရက်နေ့တွင် ကျရောက်သော (၃၀)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သားသမီးတို့နှင့်အတူ သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်စေရန် ဆုမွန်ကောင်းတောင်းလျက်။

ချစ်သားကြီး – မေဒေးမောင်(ခ)သစ်အောင်
ချစ်သားလတ် – ဇာနည်ထွန်း
ချစ်သမီးငယ် – ဆွေရည်ထွန်း

မွေးနေ့ဆုမွန် (၃၁–၅–၂၀၀၄)

အချစ်ဆုံးသူငယ်ချင်း မိုးစန္ဒီအေးရဲ့ (၂၅)နှစ်မြောက် မွေးနေ့မှသည် ပျော်ရွှင်ဖွယ်မွေးနေ့ပေါင်းများစွာကို ထာဝရပိုင်ဆိုင်နိုင်ပါစေ။

ယဉ်စု။

ရောင်းမည်

အင်းစိန် ဗဟိုလမ်းမကြီးပေါ် ဘိုးဘွားပိုင် မြေ ပေ ၁၂၀xပေ၁၈၀ ဖုန်း နှစ်လုံး၊ ၄၄၀မီတာကြီး နှစ်လုံး၊ ရိုးရိုးမီတာ လေးလုံး၊ ခြံဝင်းတစ်ခုလုံး ကွန်ကရစ်ခင်း၊ အုတ်ခြံစည်းရိုး

ဆက်သွယ်ရန် ဖုန်း–၂၄၆၁၆၇ ၂၉၆၂၄၀

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာ ခန့်ထားရန်)

အမှတ်(၁)စက်မှုဝန်ကြီးဌာနမှထုတ်လုပ်သော Dagonသောက်ရေသန့်အား မိမိတို့ကုမ္ပဏီမှ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ရောင်းချဖြန့်ဖြူးရန်အတွက် အောက်ဖော်ပြပါရာထူးနေရာများတွင် အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

(၁) Sales & Marketing Manager ကျား/မ(၁)ဦး
(၂) Asst:Admin Manager ကျား/မ(၁)ဦး

အမှတ်စဉ်(၁)နှင့်(၂)အတွက်ဘွဲ့ရ၊ ရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်းအား ကောင်းစွာစီမံ အုပ်ချုပ်နိုင်ရမည်။ တစ်ခါတစ်ရံ နယ်ခရီးထွက်နိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အနည်းဆုံးရှိရမည်။ အသက်(၃၀)နှင့်အထက် English နှင့် Computer ကျွမ်းကျင်မှုရှိရမည်။ Marketing Development & Sales Promotion အတွေ့အကြုံရှိသူဦးစားပေးမည်။

(၃) Sales & Marketing မ(၁၀)ဦး

ဘွဲ့ရ(သို့မဟုတ်) (၁၀)တန်းအောင်မြင်ပြီးသူ၊ အသက် (၂၃–၃၅)နှစ်အတွင်း၊ စားသောက်ကုန် ဖြန့်ဖြူးရောင်းချမှု အတွေ့အကြုံရှိရမည်။ သွက်လက်ဖျက်လတ်၍ ရိုးသားပြီးတာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရမည်။ ဆက်ဆံရေးပြေပြစ် ကောင်းမွန်သူဖြစ်ရပါမည်။ လိုအပ်ပါက နယ်ခရီး ထွက်နိုင်သူဖြစ်ရမည်။

(၄) Accountant မ(၁)ဦး

ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။ ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်ပြီး ကွန်ပျူတာနှင့်စာရင်းကိုင်နိုင်ရမည်။(သင်တန်းပေးမည်)၊ အင်္ဂလိပ်ဘာသာ အသင့်တင့် ရေး၊ ဖတ်၊ ပြောနိုင်ရမည်။ L.C.C.I Lavel III တက်ရောက်ဖူးသူ (သို့မဟုတ်) အောင်မြင်ပြီးသူ ဦးစားပေးမည်။

(၅) ကြီးကြပ်ရေးမှူး(ည) ကျား(၁)ဦး

ဘွဲ့ရ၊ အသက်(၃၀–၄၅)၊ လုပ်ငန်းအတွေ့အကြုံရှိရမည်။ ကျန်းမာရေးကောင်းမွန်၍ တာဝန်ကျေပွန်ရမည်။

(၆) ယာဉ်မောင်း (ရန်ကုန်မြို့တွင်း ပတ်ဝန်းကျင်မြို့များနှင့်နယ်ဝေး) ကျား(၆)ဦး

ယာဉ်မောင်းသက်တမ်း အနည်းဆုံး(၃)နှစ်၊ အသက်(၃၀–၄၅)၊ ရန်ကုန်မြို့တွင်း/ပြင်လမ်းများ၊ တောင်ပေါ်လမ်းများ၊ မြေပြန့်လမ်း(အဝေးပြေးလမ်းမ)များတွင် ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ လိုအပ်ပါက နယ်ခရီးထွက်နိုင်ရမည်။ Dyner , Canter နှင့် ခြောက်ဘီးကားများ မောင်းနိုင်ရမည်။ လိုင်စင်အနီကိုင်ဆောင်သူနှင့် လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။

(၇) ယာဉ်နောက်လိုက်/ပစ္စည်းသယ်ပို့ဝန်ထမ်း ကျား(၁၄)ဦး

အနည်းဆုံးပညာအရည်အချင်း(၈)တန်းအောင်၊ အသက်(၁၈)နှစ်နှင့်အထက်၊ ဆက်ဆံရေးနှင့် အကျင့်စာရိတ္တကောင်းမွန်ရမည်။ ကျန်းမာရေးကောင်းမွန်၍ အလေးအပင်'မ'နိုင်ရမည်။

(၈) လုံခြုံရေးဝန်ထမ်း(နေ့/ည) ကျား(၄)ဦး

အသက်(၃၅–၅၀)၊ ပညာအရည်အချင်း(အလယ်တန်းအဆင့်)၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားမှုရှိရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။

မှတ်ချက်။ ။လုပ်ငန်းအတွေ့အကြုံရှိက အသက်နှင့်ပညာအရည်အချင်း လျှော့ပေါ့စဉ်းစားမည်။ အချိန်ပေး၍ အလုပ်လုပ်နိုင်ရမည်။ လျှောက်ထားသူသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ သန်းခေါင်စာရင်း၊ မှတ်ပုံတင်နှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာမူရင်း၊ ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့(သို့မဟုတ်) ဒီပလိုမာအောင်လက်မှတ်မိတ္တူနှင့်အခြားတင်ပြလိုသော စာရွက်စာတမ်းများနှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁)ပတ်အတွင်း နံနက်(၉)နာရီခွဲမှ မွန်းလွဲ(၁)နာရီအတွင်း လူကိုယ်တိုင်လာရောက်၍ လျှောက်လွှာပုံစံထုတ်ယူပြီး လျှောက်ထားနိုင်ပါသည်။

Grace Millennium Trading Company Limited

တိုက် ၈၊ အခန်း ၁၊ ခပေါင်းအိမ်ရာ၊ ဓမ္မာရုံလမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၅၀၁၈၀၀၊ ၄၄၆၂၅၁၆၊ E-mail:gracemt@baganmail.net.mm

အမှတ်(၁)စက်မှုဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
လျှပ်စစ်စစ်ဆေးရေးဌာန
သင်တန်းသားခေါ်ယူခြင်း

လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းကို ၇–၆–၂၀၀၄ ရက်နေ့မှစ၍ ရက်သတ္တ(၆)ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပါသည်။ အခြေခံပညာအထက်တန်းစာမေးပွဲအောင်မြင်ပြီးသူများသည် သင်တန်းတက်ရောက်လိုပါက အောက်ပါဌာနသို့ ဆက်သွယ်စုံစမ်း၍ ၄–၆–၂၀၀၄ ရက်နေ့ နောက်ဆုံးထားပြီး လျှောက်လွှာတင်သွင်းကြရန် ကြေညာအပ်ပါသည်။

လျှပ်စစ်စစ်ဆေးရေးဌာန
အမှတ် (၃၅) ကျိုက်ဝိုင်းဘုရားလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၆၆၃၇၅၇၊ ၆၆၃၇၅၃

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေရန် အကြောင်းကြားစာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၂၂
ဧရာဝတီတိုင်းတရားရုံး ပုသိမ်မြို့
၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၄၅ နှင့် ဆက်နွယ်သည့်
၂၀၀၄ ခုနှစ် တရားမဇာရီမှုအမှတ် ၁

အာရှဓနဘဏ်လီမိတက် နှင့်	၁။ ဦးစံသိန်း
ပုသိမ်ဘဏ်ခွဲ	၂။ ဒေါ်ခင်ဝင်းမြင့်
ပုသိမ်မြို့။	၃။ ဒေါ်မို့မို့စံ
ဒီကရီအနိုင်ရသူ	**တရားရှုံးများ**

ဦးစံသိန်း၊ ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်မို့မို့စံ အမှတ် ၉၇/၈၊ အင်ဂပိုလမ်း၊ လယ်တီကွင်းရပ်၊ ဟင်္သာတမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၄၅ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၄ ခုနှစ် ဇွန်လ ၂၁ ရက်နေ့ (၁၃၆၆ ခုနှစ် ပထမဝါဆိုလဆန်း ၅ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်သို့ လာရောက်စေ။

၂၀၀၄ ခုနှစ် မေလ ၂၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

တင်မွေး
တွဲဖက်တိုင်းတရားသူကြီး
ဧရာဝတီတိုင်းတရားရုံး
ပုသိမ်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁။ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်(၄စီ/၂)၊ မြေကွက်အမှတ်(V2) ဒေါ်ထားထားအမည်ပေါက် နှစ် ၉၀ ဂရန်မြေကို အမှတ် ၅၂၊ ကျောက်မြောင်းလမ်းနေ ဒေါ်မြင့် ၁၂/တမန (နိုင်) ၀၅၄၄၅၈ က ဂရန်မိတ္တူလျှောက်ထားခြင်းနှင့် အင်းစိန်မြို့နယ်၊ မြေတိုင်း(၇–အေ)၊ မြေကွက်အမှတ်(၇–က/၂)၊ မလော်ကီအမည်ရှိ မြေပိုင်မြေကို အမှတ် ၁၀၊ လမ်းသစ်လမ်း၊ အင်းစိန်မြို့နယ်နေ ဦးလှထွေး ၁၂/အစန(နိုင်)၁၅၇၄၂၄ က အမည်ပြောင်းခွင့်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

၂။ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ ၃၄ဂျီ၊ မြေကွက်အမှတ် ၉/၇၅၊ Daw Son Bank Ltd. Rangoon အမည်ပေါက် မြေပိုင်မြေကို အမှတ် ၁၁ B.O.C လမ်း၊တာမွေလေးနေ ဦးစိုးလွင် ၇/ပမန(နိုင်)၀၂၅၈၃၂ က မြေပုံကူးခွင့်လျှောက်ထားလာရာ ရက် ၃၀အတွင်း ကန့်ကွက်နိုင်ပါသည်။

၃။ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် (၄စီ)၊ မြေကွက်အမှတ် ၁၆၊ ဒေါ်အုန်းရှင်အမည်ပေါက်နေသော (စကွာတာမြေ)ကို အမှတ် ၈၂ သတိပဋ္ဌာန်လမ်းနေ ဒေါ်နီ ၁၂/တမန(နိုင်)၀၁၀၃၈၁ က ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန။

လေလံကြော်ငြာ

၁။ ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်) လေလံတင်ထုခွဲရောင်းချရေးအဖွဲ့မှ တာယာဟောင်း၊ ဘက်ထရီဟောင်း၊ ပီပါခွံဟောင်းများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

၂။ ရောင်းချမည့်ပစ္စည်းစာရင်း၊ချိပ်ပိတ်တင်ဒါစည်းကမ်းချက်များနှင့် ဈေးနှုန်းတင်သွင်းလွှာ ပုံစံငယ်များကို တစ်စောင်လျှင်–၁၁၀၀ိ/–နှုန်းဖြင့် လက်ထောက်ညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေးဌာနခွဲ (ပြည်တွင်း)ရုံး၊ ဆည်မြောင်းဦးစီးဌာန (၈)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့တွင်(၁–၆–၂၀၀၄) ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါဈေးနှုန်းလွှာများကို ချိပ်ပိတ်တင်ဒါစည်းကမ်းချက် ဝယ်ယူထားသူများသည် ၁၅–၆–၂၀၀၄ ရက် အင်္ဂါနေ့မွန်းတည့်(၁၂:၀၀)နာရီ အရောက် စပေါ်ငွေတင်သွင်းပြီးကြောင်း ချလန်မူရင်းကိုတင်ပြ၍ အထက်အပိုဒ်(၂)ပါ ရုံးတွင်ထားရှိသည့်ချိပ်ပိတ်တင်ဒါပုံးအတွင်းသို့ လာရောက်ထည့်သွင်းရမည်ဖြစ်ပါသည်။

၄။ သိလိုသည့်အချက်အလက်များကို တယ်လီဖုန်းအမှတ် ၅၇၈၁၁၉ နှင့် ၆၆၁၄၁၂ တို့ထံ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

လေလံတင်ထုခွဲရောင်းချရေးအဖွဲ့
ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)

အမျိုးသိစေရန်

တောင်ကြီးမြို့ စိန်ပန်းရပ်နေ ဦးကျော်ရွှေ၏ ဇနီးဖြစ်သူ မမြင့်မြင့်အေး အဖ ဦးမောင် ၁၃/ညရန(နိုင်)၀၂၉၃၁၃ သည် နှစ်ကြိမ်တိုင်နေအိမ်မှ ဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှစွန့်လွှတ်ပြီး အိမ်၊ မြေ၊ ပစ္စည်းအကျိုးခံစားခွင့်အားလုံး ၎င်းနှင့် သက်ဆိုင်မှုမရှိတော့ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသိန်းရွှေ (တရားရုံးချုပ်ရှေ့နေ) အမှတ်စဉ်–၄၃၂၄၊ (တောင်ကြီးမြို့)

ဝမ်းနည်းကြေကွဲခြင်း
ဘုရားဒါယကာကြီး
ဦးမြင့်စိန်

သူငယ်ချင်း နွဲ့နွဲ့၏ ချစ်လှစွာသောဖခင်၊ တို့တွေအားလုံး ချစ်ခင်လေးစားရတဲ့ ဆရာကြီး ၂၆–၅–၂၀၀၄ ရက်မှာ ကွယ်လွန်သွားတဲ့အတွက် ကျန်ရစ်သူမိသားစုနဲ့ ထပ်တူထပ်မျှ နှမြောတသ ကြေကွဲမိပါကြောင်း။

ကျော်ဇေယျ၊ အန်းချိန်၊ ကိုမျိုးဝင်း၊ ဝမ်ရှိန်း၊ မောင်လွင်၊ဇော်လွင်မြင့်၊ ကျော်ခေါင်၊ မမူ၊ မိနီ၊ သီတာ၊ မသီ။

အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ဦးခင်ကျော်ညို ၁၂/ ဗဟန(နိုင်) ၀၀၄၂၂၄ ကိုင်ဆောင်သူက ဧရာဝတီတိုင်း ဇလွန်မြို့နယ် ထုံးတာဘိုအုပ်စုနေ ဦးမြင့်မောင် ၁၄/ဇလန(နိုင်) ၀၆၉၂၉၇ အား ၂၈–၄–၂၀၀၄ ရက်စွဲဖြင့် နိုတြီရှေ့နေ ဦးအောင်သိန်းရှေ့တွင် ပြုလုပ်လွှဲအပ်ထားသော အထူးကိုယ်စားလှယ်စာကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်ကျော်ညို
အမှတ် ၁၈၊ ကမ္ဘောဇလမ်း
ရွှေတောင်ကြား (၁)ရပ်ကွက်
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကျေးဇူးတင်ရှိခြင်း
ဆရာကြီးဦးမြင့်စိန်(ကျိုက္ကဆံ)
အသက်(၆၅)နှစ်

၂၆–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ဦးမြင့်စိန်၏ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ စိတ်ရောကိုယ်ပါ ကူညီဖေးမကြသော ဆွေမျိုးမိတ်သင်္ဂဟ၊ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများ အားလုံးတို့အားလည်းကောင်း၊ ဆရာကြီး၏ နောက်ဆုံးခရီး တွင်လာရောက်ဂါရဝပြုခဲ့ကြသော တပည့်များအားလုံးနှင့် လိုက်ပါကူညီ ပို့ဆောင်ပေးခဲ့ကြသူအပေါင်းတို့အားလည်းကောင်း၊ကွယ်လွန်သူအား ရည်စူး၍ပြုလုပ်သော အလှူဒါနအစုစုတွင် ကျန်ရစ်သူမိသားစုနှင့် အတူ တကွ ပါဝင်ကုသိုလ်ယူကြသူ အားလုံးတို့အားလည်းကောင်း၊ နာမကျန်းဖြစ်စဉ်နေ့ရောညပါ ဝိုင်းဝန်းကြည့်ရှု ပြုစုကြခြင်း၊ သွေးလှူဒါန်းကြခြင်း၊ ဗဟိုစည်နှင့် ရွှေဂုံတိုင်အထူးကုဆေးခန်းတို့တွင် ဂရုတစိုက်ကုသပေးခဲ့ကြသော ဆရာဝန်ကြီး၊ ဆရာဝန် ဆရာမများနှင့် တကွ လာရောက်သတင်းမေး အားပေးခြင်း ပြုခဲ့ကြသူတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်ကျင်ငြိမ်း (ဆကာကြီး)
အသက်(၈၆)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဇရာ ၁၆ လမ်း၊ အမှတ် ၇၅၃ နေ (ဦးစစ်ဖိုး-ဒေါ်ထား)တို့၏သမီး၊ [ဦးစိုးအောင်(ခ)ဦးဘဘွား] ၏ဇနီး၊ ဒေါ်ကျင်ကြည်၏အစ်မ၊ (ဦးလှသန်း)-ဒေါ်နွဲ့နွဲ့ရီ၊ ဦးစန်းဝင်း (ပါမောက္ခချုပ်၊ ယဉ်ကျေးမှုတက္ကသိုလ်၊ မန္တလေး)-ဒေါ်သန်းသန်းလှ၊ (ဦးတင်လှ-ဒေါ်မြင့်မြင့်သိန်း)တို့၏မိခင်၊ ကိုကျော်စိုးဝင်း-မအေးမြတ်မြတ်မိုးစံ၊ ကိုလှဝင်း-မမြစန္ဒာ၊ ကိုတင်ထွန်းအောင်တို့၏အဘွား၊ မရွှေရည်ဝင်းလဲ့ဝါ(ခ)သက်လုံးပုံ၊ မောင်သီဟကျော်၊ မောင်ဝဏ္ဏကျော်၊ မောင်ဝင်းထွန်းကျော်တို့၏ ဘွားဘွားကြီးသည် ၂၉-၅-၂၀၀၄ရက် (စနေနေ့)ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြည်ကြည်သောင်း
(ရွှေကျေးမှန်ဖြန့်ချိရေး၊ မန္တလေး)
အသက်(၇၁)နှစ်

မန္တလေးမြို့၊ ဘုရားကြီးအရှေ့မုခ်၊ (၈၁x၄၅) လမ်းထောင့်နေ ဦးနိုင်-ဒေါ်မာမာမြင့်၊ ရန်ကုန်မြို့နေ ဦးသန်းစိန်-ဒေါ်မာမာတင့် (Europa Int'l Education Academy)၊ မန္တလေးမြို့နေ ဦးခင်မောင်ကြည်-ဒေါ်မာမာအေး (တိုင်းကြည်စတိုး)၊ ဦးကိုကိုနိုင်-ဒေါ်ခင်စန်းဝေ (အေဝမ်းမှန်လုပ်ငန်း)၊ ဦးခင်မောင်ဆွေ-ဒေါ်သင်းသင်းသောင်း၊ ဦးအောင်ခိုင်-ဒေါ်မာမာဌေး(ဒေါ်ဘိုမ)၊ ဦးစိန်မောင်း-(ဒေါ်မင်းမင်းသောင်း)၊ ဦးမြင့်ဦး-ဒေါ်မိုးမိုးသောင်းတို့၏မိခင်၊ မြေး/မြစ် ၂၄ ယောက်တို့၏ အဘွား၊ မန္တလေးမြို့၊ (၈၁x၄၅)လမ်းထောင့်၊ အမှတ် ၇၅၃ နေ ဘုရား၊ရဟန်း၊ကျောင်း ဒါယကာကြီး (ဦးသောင်း)(ရွှေကျေးမှန်ဖြန့်ချိရေး)၏ ဇနီးသည် ၃၀-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၆-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် တောင်မြင့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

မောင်ဇော်ထက် (ခ) ဘိုဘို
အသက်(၂၁)နှစ်

ဦးအောင်မြင့်-ဒေါ်ခင်ခင်အေး၊ ဦးတင်ကြီး-ဒေါ်တင်တင်တို့၏ မြေး၊ ရန်ကုန်မြို့၊ အခန်း ၃ (ဒီ)၊ ၂၃၆၊ ရတနာ လမ်း၊မြေနီကုန်း၊စမ်းချောင်းမြို့နယ်နေ ဗိုလ်မှူးမြင့်မောင်(ငြိမ်း)-ဒေါက်တာတင် ညိုညိုလတ်တို့၏သားကြီး၊ မကေခိုင်ဇော်၊ မောင်ကျော်ကိုလင်းတို့၏ အစ်ကို ကြီးသည် ၂၉-၅-၂၀၀၄ရက်နံနက်၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ် ပါသည်။

ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌ ခန့်ထားရန်)

ယာဉ်မောင်းအလိုရှိသည်။
- အသက် ၂၅နှစ်မှ ၅၀အတွင်း
- အလုပ်သမားမှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ၊ လိုင်စင်၊ လုပ်ငန်းအတွေ့အကြုံအတွက် လိုအပ်သော စာရွက်စာတမ်း မိတ္တူများကို ကိုယ်ရေးရာဇဝင်၊ လျှောက်လွှာနှင့်အတူ ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း အောက်ဖော်ပြပါ လိပ်စာတွင် လာရောက်လျှောက်ထားနိုင်ပါသည်။

Dawn Light Co., Ltd.
အမှတ်-(၇၂/က)၂/၃ ဦးဘကျော်လမ်း၊ မင်းရဲကျော်စွာကုန်းတံတားအဆင်း၊ ဘိုးလိန်းအားကစားရုံအနီး တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၆၀၆၄၂၊ ၅၆၀၆၄၃။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း
အကြောင်းကြားစာ
အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃
မွန်ပြည်နယ်၊ တရားရုံးတော်၌
၂၀၀၄ခုနှစ် တရားမအထွေထွေမှုအမှတ်-၁

ကွယ်လွန်သူ ဦးနိုင်ရွှေကျင်(ခ) ဦးဘလွင် အမှတ် ၉၃/၉၄၊ ငန်းတေးမီးစက်ရှေ့ ငန်းတေးရပ်ကွက် မော်လမြိုင်မြို့၏ကျန်ရှိရစ်သော မော်လမြိုင်မြို့ မြန်မာမေဖလားဝါးဘဏ် လီမိတက်တွင် စုဆောင်းထားရှိသော ငွေစုဘဏ်စာအုပ်အမှတ် ၀၀၂.၁၂၁ .၀၀၁၇၆၃၇ဖြင့် ငွေပေါင်း ၂၄၈၄၆၇၂၆ ကျပ် ၆၃ပြားနှင့် အတိုးငွေများအား ထုတ်ယူနိုင်ရန်အတွက် အမွေဆက်ခံခွင့်ရလိုကြောင်းဖြင့်မော်လမြိုင်မြို့အမှတ် ၉၃/၉၄၊ ငန်းတေးမီးစက်ရှေ့ ငန်းတေးရပ်နေ ဦးကိုကိုဦးက ကွယ်လွန်သူ ဦးနိုင်ရွှေကျင်(ခ)ဦးဘလွင်၏ တစ်ဦးတည်းသောသားဖြစ်သည်ဟူ၍ မော်လမြိုင်မြို့ အမှတ် ၉၃/၉၄၊ ငန်းတေးမီးစက်ရှေ့ ငန်းတေးရပ်နေ ၎င်းကွယ်လွန်သူ ဦးနိုင်ရွှေကျင်(ခ) ဦးဘလွင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန်၊ သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးတော်၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးနိုင်ရွှေကျင်(ခ)ဦးဘလွင်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၀၄ ခုနှစ် ဇွန်လ ၂၅ရက် (၁၃၆၆ခုနှစ် ပထမ ဝါဆိုလဆန်း ၈ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးကိုကိုဦး၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ် မေလ ၂၇ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်ညွန့်
ပြည်နယ်တရားသူကြီး
မွန်ပြည်နယ်တရားရုံး၊ မော်လမြိုင်မြို့။

ရှီးသောက်ဟုံ(ခ)ဦးတော့ရင်
အင်းဝမုန့်တိုက်
(ပုဂံ-ညောင်ဦးမြို့)
အသက် (၆၉)နှစ်

မန္တလေးမြို့နေ (ဦးခိုက်တင်)-ဒေါ်စိန်စိန်တို့၏သားသမက်၊ မိုးကုတ်မြို့ ဦးမြအေး-ဒေါ်မိဟု၊ ရွှေဘိုမြို့ ဦးကျော်မင်း-ဒေါ်မိအင်း၊ တမူးမြို့ ဦးမြင့်စိန်-ဒေါ်ခင်ခင်အေး၊ မန္တလေးမြို့နေ ဒေါ်ကြူကြူမွှေး၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်မြင့်မြင့်နုတို့၏အစ်ကို၊ ညောင်ဦးမြို့ လမ်းမတော်နေ ဒေါ်သီး(ခ)ဒေါ်တင်တင်၏ ခင်ပွန်းသည် ၂၉-၅-၂၀၀၄ရက်(စနေနေ့)ည ၉နာရီတွင် ဗဟိုစည်အထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ လိုက်ပါပို့ဆောင်မည့်သူများ အိမ်အမှတ် ၃၉ တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းမြို့နယ်မှ ကားများ နံနက် ၉နာရီတွင်ထွက်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးစင့်ကြည်(ခ) ကြူစင့်ကြည်
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၅၇၊ ၇ လမ်း၊ ဒုတိယထပ်နေ (ဦးကြူဟူမ-ဒေါ်ကျန်ရှိယာ) တို့၏သား၊ တန်ရှူအိမ်(ခ)ဒေါ်ဘောရာ၏ ခင်ပွန်း၊ ဦးကျင်သိန်း၊ ဒေါ်ခင်သိန်း၊ ဦးချန်ကာဗိုး-ဒေါ်ကြူလေဟွန်း၊ ဦးစိန်လွင်-ဒေါ်မြင့်မြင့်၊ ဒေါ်မြင့်မြင့်လေး၊ ဒေါ်မြင့် မြင့်အေး၊ ဦးမောင်ပို-ဒေါ်ရူဘီ၊ ဦးမောင်စစ် (ဒါရိုက်တာ၊ အဆောင်ကောင်းကုမ္ပဏီ)တို့၏ ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်သုံးယောက် တို့၏အဘိုးသည် ၃၀-၅-၂၀၀၄ ရက် (တနင်္ဂနွေနေ့)နံနက် ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၀၄ ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးဇော်လင်း
M.A(Philosophy)
အသက်(၄၆)နှစ်

မြန်အောင်မြို့နယ်၊ ရွှေကျင်နေ (ဦးအုံးတင်)- ဒေါ်တင်မြင့် တို့၏သား၊ ဒေါ်မြင့်မြင့်သန်း (ကထိက၊ မြန်မာစာဌာန၊ ဘားအံတက္ကသိုလ်) ၏မောင်၊ ဦးဇော်ဝင်း၊ (ဦးဇော်မင်း)တို့၏ ညီ၊ (ဦးဇော်မြင့်)၏အစ်ကို၊ အမှတ် ၂၃၊ အခန်း ၅၊ ရှင်စောပုဘုရားလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်ချိုဝင်း၏ ခင်ပွန်း၊ မောင်ဟိန်းသော်လင်း(ဒသမတန်း၊ အထက-၃၊ စမ်းချောင်း)၏ဖခင်သည် ၂၉-၅-၂၀၀၄ရက် (စနေနေ့)တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဒေါ်ကြင်ရှိန်(ခ)ရှိန်လေး
(အိမ်မဲမြို့)
(ဆရာမ၊ နီကယ်ဆေးရောင်းဝယ်ရေး)
အသက်(၅၇)နှစ်

၂၅-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်ကြင်ရှိန်(ခ)ရှိန်လေး အသက်(၅၇)နှစ် နာမကျန်းစဉ်ကမေတ္တာဖြင့် အဘက်ဘက်မှ ကူညီစောင့်ရှောက်ခဲ့သူများအား လည်းကောင်း၊ ကုသပေးသော YMC ဆေးခန်းမှ ဆရာဝန်ကြီးနှင့် ဆရာဝန်၊ ဆရာမ ၊ သူနာပြုဆရာမများအားလည်းကောင်း၊ ဈာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီသူများနှင့် လိုက်လံပို့ဆောင်ပေးသော ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

အမွေပြတ်စွန့်လွှတ်ခြင်း

သားဖြစ်သူ မောင်ဇေယျာထွန်း ၅/ခဥတ(နိုင်) ၀၆၀၂၇၄ သည် မိမိ၏ သဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ၂၉-၅-၂၀၀၄ ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝ ကိုတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

အဖ-ဦးကျောက်နီ
(CHU-၀၅၄၃၈၅)
အမိ-ဒေါ်မြဌေး
၅/ခဥတ(နိုင်)၀၆၈၅၄၇
မုံရွာခရိုင်၊ချောင်းဦးမြို့နယ်၊ခင်မွန်ရွာရပ်သာရပ်။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်ခင်ဌေး
(ကွမ်းခြံကုန်း၊ တော်ကူးကြီး)
အသက်(၇၀)

ရန်ကုန်မြို့၊ အမှတ် ၅၀၊ ၁၄၁လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးကြီးဖေ-ဒေါ်သိန်းရှင်)တို့၏သမီး၊ (ဦးစိန်လှိုင်)-ဒေါ်ကြည်ကြည်တို့၏ညီမ၊ ဦးဆန်းတင့်အောင် - ဒေါ်ဇင်မာအေး၊ ဦးသန်းထွဋ် (ဆည်မြောင်း၊ ရန်ကုန်တိုင်း)-ဒေါ်မာလာ (ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏ မိခင်၊ မောင်ဝေဖြိုးအောင်၊ မမေသူအောင်၊ မောင်ပိုင်ရဲဦး၊ မသီရိမြတ်နိုးတို့၏အဘွားသည် ၃၀-၅-၂၀၀၄ရက် ညနေ ၄း၄၅ နာရီတွင် သျှင်ပါဂူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁-၆-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရှီးသောက်ဟုံ(ခ)ဦးတော့ရင်
အင်းဝမုန့်တိုက်
(ပုဂံ-ညောင်ဦးမြို့)
အသက်(၆၉)နှစ်

မန္တလေးမြို့ (ဦးခိုက်တင်)-ဒေါ်စိန်စိန် တို့၏သားသမက်၊ ညောင်ဦးမြို့ လမ်းမတော်နေ ဒေါ်သီး(ခ)ဒေါ်တင်တင်၏ ခင်ပွန်း၊ ကိုမျိုးဦး၊ မလှိုင်လှိုင်မိုး၊ မဇင်မာလွင်၊ မောင်ကျော်ကျော်လင်း တို့၏ဖခင်သည် ၂၉-၅-၂၀၀၄ရက် (စနေနေ့) ည ၉ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အိမ်အမှတ် ၃၉ တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းမြို့နယ်မှ ကားများ နံနက်၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန်းဇင်(ပန်းချီ)
ပလဖ(ငြိမ်း) (မှော်ဘီ)
အသက်(၆၂)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်း သစ်တောရုံးချုပ်၊ အမှတ်(ခ/၁၄)နေ ဦးအောင်မြင့် (ဦးစီးအရာရှိ၊ သစ်တောရုံးချုပ်)၏ ဇနီး၊ တကကက တင်ဖေ (တပ်မတော်-လေ)-ဒေါ်စုစုအောင် (သစ်တောရုံးချုပ်)၊ ဦးကျော်ကျော်ရွှေ-ဒေါ်ယုယုအောင်(စီမံ/စီးပွားဝန်ကြီးရုံး)၊ ဒေါ်သီတာအောင်(သရုပ်ပြ/သတ္တဗေဒ၊ အနောက်ပိုင်းတက္ကသိုလ်၊ ရန်ကုန်)၊ ဒေါ်မာလာအောင် (လ/ထ ကထိက၊ ပန်းချီ၊ ယဉ်ကျေးမှုတက္ကသိုလ်၊ ရန်ကုန်) တို့၏မိခင်၊ မောင်ကောင်းမြတ်၊ အငယ်လေးတို့၏ အဘွားသည် ၂၉-၅-၂၀၀၄ ရက် ည၈နာရီတွင် ကွယ်လွန် သွားပါ၍ ၃၁-၅-၂၀၀၄ရက် နံနက်၁၀နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်လှလှ
အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ (ဦးဘိုနီ-ဒေါ်သိန်း) တို့၏ သမီး၊ (ဦးဖေတင်-ဒေါ်တင်တင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်၁၈၊ အာဇာနည်လမ်း၊ ဆရာစံမြောက် / အနောက် ရပ်ကွက်နေ ဦးမောင်မောင်ကြည်၏ဇနီး၊ ဦးသိန်းဆွေ(အောင်သူရိန်ဆောက်လုပ်ရေး)-ဒေါ်လွင်လွင်မော်(အလက-၂၊ဗဟန်း၊ ငြိမ်း)၊ ဦးစိန်လွင်-ဒေါ်စုစုမော်(ကကငွေ၊ငြိမ်း)၊ ဦးဝင်းလွင်ဦး-ဒေါ်စန္ဒာမော်(ရိုးမဘဏ်၊မြေနီကုန်း)၊ ကိုသန်းထိုက်(ခ)တရုတ်ကြီးတို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၃၀-၅-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁-၆-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်း(ဇေကရီသန်းသန်း)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊အမှတ်၂၀၊ ရတနာလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်နေ(ဦးသာခဲ)၏ဇနီး၊(ဦးဝင်းနိုင် ပြည်တွင်းဖြစ် ကားပစ္စည်းဆိုင်၊ ဘုရင့်နောင်ဈေး)-ဒေါ်မြမြဝေ၊ ဗိုလ်မှူးဥာဏ်ဝင်း(ငြိမ်း)-ဒေါ်ဝင်းဝင်း(အန်တီဝင်း ဘုရင့်နောင်ဈေးကြီး)၊ ဇေကရီ ဦးရဲဝင်း-ဒေါ်ခင်မြင့်မြင့်၊ ဦးသန်းထွဋ်-ဒေါ်မိမိနိုင် (ပထသ)၊ ဗိုလ်ကြီးသောင်းထိုက်(ငြိမ်း)-ဒေါ်ညွန့်သောင်း၊ ဦးမြမောင်-ဒေါ်တင်လှိုင်(တောင်ကြီး) တို့၏ မိခင်၊ မြေး ၁၁ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၃၀-၅-၂၀၀၄ ရက် (တနင်္ဂနွေနေ့)နံနက် ၈း၅၀နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့၌ပင် ရေဝေးသုသာန်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ရန်ကုန်မြို့၊အမှတ် ၂၀၊ ရတနာလမ်းနေအိမ်တွင် ၅-၆-၂၀၀၄ ရက် (စနေနေ့)နံနက် ၇ နာရီမှ ၉ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးထွန်းလှ(ခ)ဦးဘာဘူ
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
ဗဟိုပုံနှိပ်တိုက်
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၆၊ ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးပိုက်-ဒေါ်ငွေရင်)တို့၏သား၊ ဒေါ်လှမြင့်၏ခင်ပွန်း၊ ဦးခင်မောင်လတ်(ဒုညွှန်ကြားရေးမှူး၊ရေအားလျှပ်စစ်ဦးစီးဌာန)၊ (ဦးသိန်းလှိုင်)-ဒေါ်အေးအေးမြင့်၊ ဦးမြင့်သိန်း(မြန်မာ့ရေလုပ်ငန်း၊ငြိမ်း)-ဒေါ်မြင့်မြင့်သိန်း၊ ဦးခင်မောင်ကြည်(New Light of Myanmar)၊ ဦးအောင်ကျော်ထွန်း(ဆလက)-ဒေါ်ခင်လှဝေ(မြန်မာ့သစ်လုပ်ငန်း)၊ဒေါ်အေးအေးသိန်း(အထပြ၊ ထ-၄၊ တာမွေ)၊ ဦးရဲအောင်ထွန်းတို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုးသည် ၂၉-၅-၂၀၀၄ရက် (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ငြိမ်း
(ရေကျော်)
အသက် (၇၄)နှစ်

ရန်ကုန်မြို့၊သာကေတမြို့နယ်၊အမှတ် ၅၀၊မာန်ပြေ၁၉လမ်း၊အရှေ့(၃) ရပ်ကွက်နေ ဦးထင်ကျော်-ဒေါ်သန်းရင်တို့၏ သား၊ ဒေါ်ခင်သန်း၏ခင်ပွန်း၊ ဦးလှမျိုး-ဒေါ်ခင်ပြုံးရီ၊ ဦးခင်မျိုး-မညိုညိုအေး၊ (ကိုကြည်စိုး) - မခင်အေးအေးငြိမ်း၊ ဦးတင်ရှိန်-မလဲ့လဲ့ဝင်း၊ ဦးဇော်မြင့်ဦး-မသူဇာမေ၊မောင်မျိုးလှိုင်ဝင်း၊ မောင်ထွန်းဇော်မျိုးတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၃၀-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၀၄ရက် (အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်နု
မအူပင်၊မလက်တို
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကျုံးကြီးလမ်း၊ အမှတ်၃၅၀နေ (ဦးဘိုးမှန်-ဒေါ်လှမင်း) တို့၏ သမီး၊ ဦးတင်အောင်(ခ)ဦးကျော်စိုး၏ ဇနီး၊ (ဦးကျော်စိုး)-ဒေါ်ခင်ဆွေတို့၏အစ်မ၊ ကိုခိုင်ကျော်လွင်၊ကိုမြင့်စိုး-မပြုံးသီတာ၊ (ကိုခိုင်မြင့်လွင်)၊ ကိုခိုင်တင့်လွင်-မစန္ဒာကြည် (တောင်ငူတက္ကသိုလ်)၊ ကိုခိုင်စိုးလွင်-မလဲ့လဲ့ဝင်း၊ (ကိုခိုင်သက်လွင်)၊ မသူသူလွင်တို့၏ မိခင်၊ မောင်သန့်စင်စန်း၊ မောင်ဝင်းမင်းကောင်း၊ မသိမ့်သဥ္ဇာစိုး၊ မဆုပြည့်ပြည့်လွင်တို့၏အဘွားသည် ၂၉-၅-၂၀၀၄ ရက်တွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်ပါ၍ ၃၁-၅-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ (ကျုံးကြီးလမ်း နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့၊ ဘာမင်ဂမ်ဗုဒ္ဓဝိဟာရ
ဦးစီးပဓာနနာယက
ကမ္ဘာ့ဗုဒ္ဓဘာသာသံဃာ့အဖွဲ့ ဒုတိယဥက္ကဋ္ဌ
ကမ္ဘာ့ဗုဒ္ဓသာသနာပြု၊ အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တ ဒေါက်တာရေဝတဓမ္မ
သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ

အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့၊ ဘာမင်ဂမ်ဗုဒ္ဓဝိဟာရ၏ ဦးစီးပဓာနနာယက လန်ဒန်ဗုဒ္ဓဝိဟာရ၏ဩဝါဒါစရိယ Vice-Chairman of World Buddist Sangha Council၊ ဘာမင်ဂမ်မြို့ Aleader of City Faith and Patron of the Birmingham Council of Faiths ဖြစ်တော်မူသော ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကျမ်းပြုအကျော်၊ ဘာသန္တရဆေက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဒေါက်တာရေဝတဓမ္မသည် နယုန်လဆန်း ၈ ရက် (၂၆-၅-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၆ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ဘုရား၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်ကို နယုန်လပြည့်ကျော် ၂ ရက် (၄-၆-၂၀၀၄ရက်) သောကြာနေ့တွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

အင်္ဂလန်နိုင်ငံ၊ဘာမင်ဂမ်မြို့၊
တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ယသ (သံလှယ်ရွာ)
သက်တော် (၃၂)နှစ်၊ သိက္ခာတော်(၁၂)ဝါ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ ရာမညဝေပုလ္လတိုက် မွန်ပါဠိတက္ကသိုလ်၊ သွေးဆေးကန် မွန်ကျောင်းတိုက်တွင် သီတင်းသုံးနေတော်မူသော ခမည်းတော် နိုင်သောင်းဟန်-မယ်တော်မိငွေမှုံ တို့၏ ဒုတိယမြောက်သား ဘဒ္ဒန္တယသသည် ၃၀-၅-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၃၁-၅-၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(အထက်ပါကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ဒါယကာ ဒါယိကာမများ။

ဦးအောင်ကျော်မြ (ခ) ဦးကျော်မြ
စက်ခန်းအုပ်(၃)၊ကွဲ(၅)ရေယာဉ်
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
အသက်(၅၃)နှစ်

ရန်ကုန်မြို့နေ ဦးချင်းအောင်ဖြူ-ဒေါ်စိန်မွှေးဦးတို့၏သား၊ (ဦးစောလှ-ဒေါ်ဖွားနု)တို့၏ သားသမက်၊ ဦးအောင်စိန်ဝေ-ဒေါ်အေးခင်တို့၏ ညီ/မောင်၊ တပ်ကြပ်ကြီး ဦးအောင်ကျော်သောင်း (မန္တလေးမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့)-ဒေါ်စိန်စိန်၊ ဦးသန်းဦး-(ဒေါ်အောင်စောနု)၊ မခင်ဝင်း(အကျဉ်းဦးစီး)၊ မောင်လှ မောင်ထွေးတို့၏ အစ်ကို၊ အမှတ်(၆၃/၁)၊ ပေါ်ဆန်းမွှေးလမ်း၊ သုဝဏ္ဏမြို့နေ ဒေါ်ဖြူမ၏ခင်ပွန်း၊ မနန်းစောဦး (အကျဉ်းဦးစီး)၊ မောင်ထွန်းနိုင်ဝင်းတို့၏ ဖခင်၊ တူ/တူမ ကိုးယောက်တို့၏ ဦးလေးသည် ၂၉-၅-၂၀၀၄ ရက် မွန်းလွဲ ၂း၀၅ နာရီ၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၀၄ ရက် ညနေ ၄နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်အောင်
(B.Com)
စာရင်းစစ်(ငြိမ်း)မြစ်သားမြို့
အသက်(၄၉)နှစ်

မော်လူးမြို့၊ အုန်းဒုတ်ရပ်နေ ဦးဘမောင်- ဒေါ်လှကြီးတို့၏သမီး၊ ရန်ကုန်မြို့နေ ဦးချစ်လှိုင်-ဒေါ်လှတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၁၃ (ပထပ်)၊ ဗိုလ်ဗထူးလမ်း၊ဗိုလ်စိန်မှန်ရပ်ကွက်၊ဗဟန်းမြို့နယ်နေ ဦးအေးကြူ (မြို့နယ်အခွန်ဦးစီးဌာနမှူး၊ မအူပင်)၏ဇနီး၊ မော်လူးမြို့နေ ဦးအောင်မောင်း-ဒေါ်ဝင်းကြည်၊ ဦးအောင်ချစ်-ဒေါ်ပဲရွှေ၊ဒေါ်ကြည်အောင်တို့၏ ညီမ၊ မောင်စည်သူအောင် (G.T.C၊ မအူပင်)၊ မောင်ကျော်စွာလင်း (အထက-၁၊မြစ်သား)၏ မိခင်သည် ၃၀-၅-၂၀၀၄ရက်တွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန်း (ဟင်္သာတ)
အသက်(၉၀)

ဟင်္သာတမြို့(ဦးသာဆင့်-ဒေါ်ကြွေ)၊ ညောင်စာရေး(ဦးဘိုးထင်-ဒေါ်ငွေကိုင်) တို့၏သမီး၊ (ဦးတင်မောင်-ဒေါ်သန်းရီ)၊ ညောင်စာရေးတို့၏ညီမ၊ (ဦးစံရှိန်-ဒေါ်ခင်စော)တို့၏အစ်မ၊ (ဦးကျော်စိန်)၏ ဇနီး၊ (ဦးမြင့်သိန်း)၊ ဒေါ်ခင်သန်းမြင့် (မြန်မာ့စိုက်ပျိုးရေး)၊ ဒေါ်အေးသွယ်၊ ဦးစိန်လှိုင်(ကကငွေ၊ ငြိမ်း)-ဒေါ်စိုးစိုးအောင်တို့၏ မိခင်၊ ဦးမြင့်သန်းလင်း (အမှတ်-၁၊ကြေးနီ)၊ ဒေါ်လှလှတို့၏ အဒေါ်၊ ဦးစောသာဝါး-ဒေါ်ဝေဝေလွင်၊ဦးသန်းဦး၊ဒေါ်စုစုမာ(UMEHL)၊ ဦးအောင်ဆန်းထွေး၊ မဖြူသဲ၊ မအိအိသဲ၊ မလဲ့လဲ့ထွန်း၊ မသွယ်သွယ်အောင်တို့၏ အဘွားသည် ရန်ကုန်မြို့၊ အမှတ် ၁၇၅၊ ဆိပ်ကမ်းသာလမ်း(မြေညီထပ်)နေအိမ်၌ ၂၉-၅-၂၀၀၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်စိန်
အသက်(၆၃)နှစ်

မော်လမြိုင်မြို့၊ သိမ်ကုန်းရပ်၊ အောက်လမ်းမကြီး၊ အမှတ်၅၄(B)နေ ဦးအိကင်း၏ ဇနီး၊ ကိုမြင့်ဦး-မစုစုလှိုင်၊ မအေးအေးမော်၊ ကိုဝင်းသိန်း-မခိုင်ခိုင်ဝင်း၊ မခင်မြင့်မော်၊ မလဲ့လဲ့ဝင်းရီတို့၏ မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၃၀-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်ပါသဖြင့် ၃၁-၅-၂၀၀၄ ရက်(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ဝဲကလာတရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မနီနီအောင် (မော်လမြိုင်)
B.Econ, C.P.A
Senior Accoutant(Mamee)
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုဏ်သိရိလမ်း၊ အမှတ် ၉၁ (ဒုတိယထပ်)နေ ဦးကျော်ဝေ-ဒေါ်စန်းကြည် (အထက-၄၊ မော်လမြိုင်၊ ငြိမ်း)တို့၏သမီးကြီး၊ မောင်မျိုးကျော်စန်း-မသီသီအေး၊ မောင်စိုးကျော်စန်း(YTU)တို့၏အစ်မ၊မအိန္ဒြေဆုပြည့်၏အဒေါ်သည် ၂၉-၅-၂၀၀၄ရက် ည ၇း၂၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ဖွင့်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်လှစ်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၉ ရက်က ပဲခူးတိုင်း သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် စက်ခလုတ်နှိပ်၍ မာလ်တီ မီဒီယာစာသင်ခန်းများ ဖွင့်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်ကို ဖွင့်လှစ် ပေးစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

စာတမ်းများ ပြုစုဖတ်ကြား

မေ ၃၀ ရက်က အမျိုးသားညီလာခံသို့ တက်ရောက်လျက် ရှိကြသည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်းအလိုက် ညီလာခံကိုယ်စားလှယ် များ စာတမ်းများ ဆွေးနွေးညှိနှိုင်း ပြုစုဖတ်ကြားကြစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

ကိုထွေး-စုစည်းတင်ပြသည်

ယူရို ၂၀၀၄ ပွဲကြိုတင်ဆက်မှု

ပြိုင်ပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲများယှဉ်ပြိုင် လက်ရှိချန်ပီယံပြင်သစ်နှင့် ဂျာမနီတို့ အနိုင်ရရှိ

ရန်ကုန် မေ ၃၀

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲစတင်မည့်ရက် နီးကပ်လာသည့်အားလျော်စွာ ပြိုင်ပွဲဝင်အသင်းများ ကစားကွက်နှင့် နည်းဗျူဟာချမှတ်ရေးအတွက် ချစ်ကြည်ရေးခြေစမ်းပွဲများယှဉ်ပြိုင်ကစားလျက်ရှိကြသည်။ နာမည်ကြီးအသင်းများဖြစ်ကြသော ပြင်သစ်နှင့် ဂျာမနီတို့

စာမျက်နှာ ၁၃ ကော်လံ ၁



ရောဝတီတံတား (ရတနာပုံ)

မန္တလေးတိုင်း အမရပူရ မြို့နယ် မန္တလေး-စစ်ကိုင်းလမ်း ပေါ်ရှိ ဧရာဝတီမြစ်ကို ဖြတ် ကျော်တည်ဆောက်လျက်ရှိသည့် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ပြီးစီးမှုကို တွေ့ရ စဉ်။

[ဧရာဝတီတံတား(ရတနာပုံ) သည် အရှည် ၅၆၁၄ ပေ၊ တံတား အကျယ် ပေ ၆၀ ရှိပြီး သံကူ ကွန်ကရစ် သံမဏိသံပေါင် တံတားကြီးဖြစ်သည်။]

ဓာတ်ပုံ-တင်မောင်(မန္တလေး)

ယနေ့ထုတ်စောင်ရေ ၂၀၀၃၄၅